၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.797, JANUARY 16, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

# နိုင်ငံရေးအကျဉ်းကျမိသားစုများကိုဒေါ်အောင်ဆန်းစုကြည်အားပေးစကားပြောကြား

**VOA ၊ ဂျန်နဝါရီ ၁၇ ။** ။ နိုင်ငံရေး အကျဉ်းသားတွေနဲ့ သူတို့မိသားစုဝင်တွေကို တတ်နိုင်တဲ့ဘက်က ကူညီထောက်ပံ့ပေးနိုင်ဖို့ ပြီးခဲ့တဲ့ လွတ်လပ်ရေးနေ့တုန်းက မဲနှိုက်ခဲ့ကြတာမှာ ဒေါ်အောင်ဆန်းစုကြည်က သူမ မဲပေါက်ခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားအပြင် အဲဒီလူနဲ့ အမှုတွဲတတွဲတည်းဖြစ်ကြတဲ့ တခြား နိုင်ငံရေးအကျဉ်းသား ၅ ယောက် ကိုပါတပါတည်း ကူညီထောက်ပံ့ပေးမယ်လို့ ဆိုပါတယ်။ အဲဒီ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေနဲ့ မနေ့က NLD ရုံးချုပ်မှာ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့ပါတယ်။ အပြည့်အစုံကို ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ကူညီဖို့ မဲပေါက်သူကတော့ လှိုင်သာယာမြို့နယ်က နိုင်ငံရေးအကျဉ်းသား ကိုစိုးမင်းမင်းဖြစ်ပါတယ်။ ဒါပေမဲ့ ကိုစိုးမင်းမင်းအပြင် သူနဲ့အမှုတွဲ တတွဲတည်းဖြစ်တဲ့ လှိုင်သာယာမြို့နယ်ကပဲ တခြား နိုင်ငံရေး အကျဉ်းသား ၅ ယောက်ကိုပါ တပါတည်း ကူညီဖို့ ဒေါ်အောင်ဆန်းစုကြည်က ဆုံးဖြတ်ပြီး အဲဒီနိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေနဲ့ တွေ့ဆုံခဲ့တဲ့အကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောပြပါတယ်။

"ကိုစိုးမင်းမင်း မဲပေါက်ပြီးတဲ့နောက် အထွေထွေအတွင်းရေးမှူးက ကိုစိုးမင်းမင်းနဲ့ အမှုတွဲများဖြစ်တဲ့ ကိုသန့်ဇင်မျိုး၊ မလှလှမော်၊ ဦးတင်ယု၊ ဦးကျော်စိုးဝင်း၊ ကိုဝင်းမြင့်စတဲ့ အဲဒီ နိုင်ငံရေးအကျဉ်းသားတွေကိုပါ သူကအမှုတွဲအားလုံးကိုတာဝန်ယူပြီး ကူညီဖို့ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီ နိုင်ငံရေး အကျဉ်းသား ၆ ဦးရဲ့ မိသားစုတွေ၊ လှိုင်သာယာကပဲ ဖြစ်ပါတယ်။ အဲဒီမိသားစုတွေက ဒီနေ့ ရုံးကိုလာပြီး အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးက သူတို့ကို လက်ခံတွေ့ဆုံပါတယ်။"

အဲဒီလိုတွေ့ဆုံတဲ့အထဲနိုင်ငံရေးအကျဉ်းသား၆ဦးရဲ့မိသားစုဝင် ၂၅ ယောက်လောက်အပြင် NLD ဗဟိုလူမှု အထောက်အကူပြု အဖွဲ့က တာဝန်ခံ ဦးနိုင်းနိုင်းနဲ့ တခြားဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်တွေတက်ရောက်ကြတယ်လို့ဆိုပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေ၊ ထောင်ဝင်စာတွေ့နိုင်ရေးကိစ္စနဲ့ အကျဉ်းကျနေသူတွေရဲ့သားသမီးတွေ ပညာသင်ကြားနိုင်ရေးကိစ္စတွေကို ဆွေးနွေးပြီး ဒေါ်အောင်ဆန်းစုကြည်က သူတို့ကို အားပေးစကား ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

"အဲဒီမှာ အထွေထွေ အတွင်းရေးမှူးက နိုင်ငံရေးအကျဉ်းသား တဦးစီရဲ့ ကျန်းမာရေးအခြေအနေ၊ ထောင်တွင်း နေထိုင်ရတဲ့ အခြေအနေနဲ့ နောက် ထောင်ဝင်စာသွားရောက်နိုင်တဲ့ အခြေအနေတွေ၊ သွားရေးလာရေး အခက်အခဲအခြေအနေတွေကို မေးပါတယ်။ မေးပြီးတော့ သူတို့တွေ ထောင်ဝင်စာပုံမှန်သွားနိုင်ဖို့အတွက် ဘယ်လိုပံ့ပိုးကူညီရမလဲဆိုတာ သူတို့ မိသားစုတွေနဲ့ ညှိနှိုင်းပါတယ်။ အဲဒီ ထောင်ကျ နိုင်ငံရေးအကျဉ်းသားတွေရဲ့သားသမီးတွေ ပညာရေးကိုလည်း စိတ်ဝင်တစားမေးပါတယ်။ မေးပြီးတော့ ကလေးတွေကို ပညာကြိုးစားကြဖို့ ဆုံးမ ဩဝါဒပေးပါတယ်။

"အဲဒီနောက် အခုလို ထောင်ကျနေတဲ့ အတွက်ကြောင့် ဘာမှ အားငယ်စရာမရှိတဲ့အကြောင်း၊ ဒါဟာ တကယ့် အများအကျိုးအတွက် ဆောင်ရွက်ရင်း အခုလိုဖြစ်သွားတဲ့အတွက် ဂုဏ်ယူရမှာတောင် ဖြစ်ကြောင်း၊ အဲဒါတွေ ပြောပြီးတော့ မိသားစုကို အားပေးစကားပြောပါတယ်။"

**စာမျက်နှာ ၃သို့**

**ဒေါ်အောင်ဆန်းစုကြည်နှင့်တသီးပုဂ္ဂလအင်းအားစုများနဲ့ တွေ့ဆုံဆွေးနွေး** — **စာမျက်နှာ ၃**

**ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ဆင့်ခေါ်** — **စာမျက်နှာ ၅**

**စုံစမ်းရေးကော်မရှင်ဖွဲ့ စည်းရေး ထောက်ခံမှု ပိုမိုရရှိရေးဆော်ဩ** — **စာမျက်နှာ ၁၀**

**ဒေါ်အောင်ဆန်းစုကြည် ကိုဒေါက်တာနေဝင်းမောင် သွားရောက်ဆွေးနွေး** — **စာမျက်နှာ ၁၃**

**ဂျာနယ်ကိုယ်စားပြုကော်မတီ စတင်ဖွဲ့စည်း စဉ်၌ပြင် နုတ်ထွက်မှုများရှိ** — **စာမျက်နှာ ၁၆**

**ဒုသမတတယောက်ကို တိုင်းရင်းသားတွေထဲက ရွေးချယ်စေလို** — **စာမျက်နှာ ၁၈**

## VOB အာဘော်

# စစ်မှုထမ်းဥပဒေ

နအဖစစ်အစိုးရက မြန်မာနိုင်ငံသားများ စစ်မှုမထမ်းမနေရတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဌာန်းလိုက်သည်ဟုဆိုပါသည်။ နိုဝင်ဘာ ၄ ရက် နေ့စွဲနဲ့ပြဌာန်းခဲ့တဲ့ စစ်မှုထမ်းဥပဒေကို လူသိရှင်ကြားထုတ်ပြန်ကြေညာခြင်းမရှိပဲ နိုင်ငံတော် ပြန်တမ်းမှာဖော်ပြထားပါတယ်။ ထိုကဲ့သို့နိုင်ငံသားအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အရာကို အဘယ်ကြောင့် လူသိရှင်ကြားထုတ်ပြန်ကြေညာရခြင်းမရှိသည်ကို ဗွီအိုဘီအနေဖြင့် မေးခွန်းထုတ်ရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဆိုသည်နှင့်ပတ်သက်သောဆွေးနွေးမှုကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပြီး အများသဘောကို ထင်ဟပ်သောဆောင်ရွက်ချက်မျိုးဖြစ်ရန်လိုအပ်သည် သို့သော်လည်း နအဖစစ်အာဏာရှင်များသည် ယနေ့တိုင်အာဏာရှင်ညာဉ်မပျောက်သေးပေ။ ကျင်းပမည်ဆိုသည့် လွှတ်တော်မှတဆင့် အစိုးရတရပ်ပေါ်လာရန် အာဏာပိုင်များစီစဉ်နေသော်လည်း ဒီမိုကရေစီကို အစစ်အမှန်ယုံကြည်သည့်အရပ်သားအစိုးရထက် စစ်တပ်လက်ဝါးကြီး အုပ်အစိုးရတရပ်ဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်နေသည်ကို တွက်ဆနိုင်ပေသည်။ စစ်အစိုးရ၏ရိုးသားမှုမရှိသည်ကို ပြည်သူ့စစ်မှုထမ်း ဥပဒေထုတ်ပြန်ခဲ့သည့်ကိစ္စတွင် တွေ့ရပေသည်။

စစ်မှုမထမ်းမနေရဆိုသည့်အချက်နှင့်ပတ်သက်သော သဘောထားအမျိုးမျိုးကို ပြောဆိုဝေဖန်မှုများပြုနေသည်ကို ကြားသိနေရသော်လည်း ဒီမိုကရေစီအင်အားစုများအပါအဝင် ပြည်သူတရပ်လုံးအနေဖြင့် မျက်ခြည်မပြတ်အာရုံထား ရန်လိုအပ်သည့်အရာမှာ နအဖစစ်အာဏာရှင်များနှင့် ဒီမိုကရေစီအင်အားစုများ တွေ့ဆုံဆွေးနွေးပွဲများဖြစ်ထွန်းစေပြီး လွတ်လပ်မှု၊ တရားဥပဒေစိုးမိုးမှုထွန်းကားရေး၊ ဒီမိုကရေစီရေးတိုးတက်ရေးပင်ဖြစ်သည်။ အကြောင်းမူကား စစ်မှုမထမ်းမနေရဆိုသည့်ကိစ္စသည် မြန်မာနိုင်ငံသားအပေါ် ချက်ချင်းလက်ငင်းနှင့် တပြိုင်နက်တည်းဖော်ဆောင်လုပ်ကိုင်ရန်မဖြစ်၊ အချိန်ယူလုပ်ဆောင်ရမည့်ကိစ္စဖြစ်ပေသည်။

---

# အဲန်ဒီအက်ဖ်ပါတီကို ရွေးကောက်ပွဲမသမာမှုနဲ့ ကြံ့ဖွတ်ပါတီက တရားစွဲ

**RFA ၊ ဂျန်နဝါရီ ၁၂ ။ ။** ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်အတွက် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ NDF ကနေ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့တဲ့ ဒေါက်တာမြတ်ဉာဏ်စိုးကို ရှုံးနိမ့်သွားခဲ့တဲ့ ပြိုင်ဖက် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ် စာရေးဆရာ တက္ကသိုလ်မြတ်သူက ရွေးကောက်ပွဲမသမာမှုနဲ့ တရားစွဲဆိုလိုက်တယ်လို့ NDF ခေါင်းဆောင် ဦးခင်မောင်ဆွေက RFA ကို ဇန်နဝါရီ ၁၂ ရက် ဒီကနေ့ ပြောပါတယ်။

“ကျွန်တော်တို့မြင်သလောက်ကတော့ တခြား ဒီမိုကရက်တစ်တို့ဘာတို့ တရားစွဲတာကြားနေတာပဲဗျာ။ အခုကျတော့ ကျွန်တော်တို့ပါတီပါ ကြံ့ခိုင်ဖွံ့ဖြိုးရေးကဝင်စွဲပြီလို့တွေ့ရတာပေါ့ဗျာ။ အဲဒီတော့ ဘယ်လိုကြောင့်စွဲတယ်ဆိုတာတော့ သူတို့မှသိမှာပေါ့ဗျာ။ စွဲတယ်စွဲပုံစွဲနည်းကတော့ သိပ်ကြည့်တော့မကောင်းဘူးပေါ့ဗျာ။ ဟို ကြိုတင်မဲတွေကို ဒေါက်တာမြတ်ဉာဏစိုးကမရအောင်လုပ်တယ် ဆိုတာကြီးကတော့ ကျွန်တော်လည်းနားမလည်ဘူးဗျာ၊ ဘယ်လို သွားလုပ်နိုင်မှာတုန်းဗျာ ကျွန်တော်တို့က။”

ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်ဦးမြတ်သူရဲ့တရားစွဲဆိုတိုင်တန်းချက်မိတ္တူကို ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်က မနေ့ကခေါ်ယူပေးအပ်ခဲ့တာလို့ တရားစွဲခံရတဲ့ NDF ကိုယ်စားလှယ်ဒေါက်တာမြတ်ဉာဏ်စိုးက ပြောပါတယ်။

“ကျွန်တော့ကို ရန်ကုန်တိုင်းကော်မရှင်ကနေပြီးတော့ သူတိုင်တဲ့တိုင်ချက်တွေကို ကျွန်တော့ကိုပေးပါတယ်ခင်ဗျ။ သူတိုင်ထားတာကတော့ ၇ ချက် ၈ ချက်လောက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်က ၂၆ ရက်နေ့ကျရင် နေပြည်တော်မှာသွားပြီးတော့ ဒီဟာကို ခုခံချေပရမှာဖြစ်ပါတယ်။ ကျွန်တော်ထုချေလွှာကိုတော့ လေးရက်ကြိုတင်ရမယ်ဆိုတော့ ဒီလ ၂၀ ရက်နေ့ ဝန်းကျင်လောက်တော့ တင်ပါမယ်ခင်ဗျ။”

ဒေါက်တာမြတ်ဉာဏစိုးဟာ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်နဲ့ ဒေါပုံ ၅ မြို့နယ်ကို ကိုယ်စားပြုပြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် ၄ က ဝင်ရောက် ယှဉ်ပြိုင်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒေါက်တာမြတ်ဉာဏစိုးအပေါ် အခုလိုတရားစွဲဆိုမှုဟာ NDF ပါတီကို ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ပထမဆုံး တရားစွဲဆိုမှုလည်းဖြစ်ပါတယ်။

စစ်အစိုးရဝန်ကြီးချုပ် ဦးသိန်းစိန်ခေါင်းဆောင်တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဟာ မနှစ်က နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲမှာ ၇၄ ရာနှုန်းအနိုင်ရရှိတယ်လို့ကြေညာထားပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ-မြန်မာနဲ့ NDF အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု စတဲ့ ပြိုင်ဖက်ပါတီအသီးသီးက အနိုင်ရ လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးခန့်ကို ရွေးကောက်ပွဲမသမာမှုတွေနဲ့ တရားစွဲဆိုထားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် တသီးပုဂ္ဂလအင်းအားစုများနဲ့ တွေ့ဆုံဆွေးနွေး

**RFA । ဂျန်နဝါရီ ၁၄ ॥ ॥** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ တသီးပုဂ္ဂလဒီမိုကရက်များအဖွဲ့ကို ဇန်နဝါရီ ၁၄ ရက်ဒီကနေ့ လက်ခံတွေ့ဆုံပြီး အဲဒီအဖွဲ့ ဆောင်ရွက်နေတဲ့ လူမှုရေးလုပ်ငန်းအတွေ့အကြုံတင်ပြချက်တွေကို လက်ခံနားထောင်ခဲ့သလို၊ NLD ရဲ့ လူမှုရေးအလုပ်တွေနဲ့ ပူးတွဲဆောင်ရွက်နိုင်မဲ့အကြောင်းတွေ ဆွေးနွေးကြတယ်လို့ သတင်းရရှိပါတယ်။

မင်္ဂလာမြန်မာအမည်နဲ့ လူမှုရေးလုပ်ငန်းတွေဆောင်ရွက်နေ တဲ့ ဒေါက်တာဘုန်းဝင်း၊ ဒေါ်ယုဇာမော်ထွန်း၊ ကိုတင့်ဆန်း တို့က ဒေါ်အောင်ဆန်းစုကြည်ကိုတင်ပြကြပြီး ဆွေးနွေးကြတာလို့ ဆွေးနွေးပွဲတက်ရောက်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဦးဝင်းထိန်က RFA ကို ပြောပါတယ်။

"သူတို့ကတော့ စောစောပိုင်းကတည်းက မင်္ဂလာမြန်မာနာမယ်နဲ့ လူမှုရေးတွေဘာတွေလုပ်နေတာလေ။ အဲဒီ အတွေ့အကြုံတွေကို ဒေါ်စုကိုလာတင်ပြပြီးတော့ ဒီ NLD ကလုပ်မဲ့ လူမှုရေးအစီအစဉ်နဲ့ သူတို့လူမှုရေးအစီအစဉ်နဲ့ပေါင်းပြီးတော့လုပ်ရင် ဘယ်လောက်အတိုင်းအတာအထိ ထိရောက်မယ်ဆိုတဲ့ဟာကို လာဆွေးနွေးတာပါ။ ဆွေးနွေးတာတွေကတော့ လိုတဲ့နေရာတွေမှာ ရေနက်တွင်းတူးဖို့ကိစ္စတွေ၊ နောက် တခြားလူမှုရေးကိစ္စတွေ ပေါင်းလုပ်လို့ရမဲ့ အလားအလာတွေကို ဆွေးနွေးတာပါ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တဖက်မှာ ပါတီတည်ရှိရေး ဥပဒေကြောင်းအရ ရုန်းကန်တိုက်ပွဲဝင်နေရသလို၊ လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့တွေကလည်း ကိုယ့်တာဝန်ကိုယ်ဆောင်ရွက်နေကြတယ်လို့ဆိုပါတယ်။

ဒါ့အပြင် နိုင်ငံရဲ့အရေးတွေဖြစ်တဲ့ ဒီကနေ့ ပြည်သူတွေရင်ဆိုင်နေရတဲ့ မုန်တိုင်းသင့်ဒေသကအခက်အခဲတွေ၊ ချင်းပြည်နယ်က စားနပ်ရိက္ခာပြတ်လတ်မှုတွေ၊ ကျန်းမာရေးကိစ္စတွေ စတဲ့ လူမှုရေးတွေကို ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ် အောင်ဆန်းစုကြည်ဟာ ပုံမှန်နေ့စဉ်လုပ်ငန်းတွေအတိုင်း နိုင်ငံ ခြားသားဧည့်သည်တွေကိုလက်ခံတွေ့ဆုံပြီး မြန်မာ့အရေးတွေ ပြော ဆိုခဲ့တယ်လို့ သိရပါတယ်။

**မျက်နှာဖုံးမှ**

နိုင်ငံရေးကြောင့် အကျဉ်းကျနေသူတွေနဲ့ သူတို့မိသားစုဝင်တွေကို ရုပ်ဝတ္ထုပစ္စည်း၊ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ အကူအညီတွေပေးနိုင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီ ထောက်ပံ့ရေးအစီအစဉ်တခုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့က စတင် အကောင်အထည်ဖော်လိုက်တာပါ။

နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဓာတ်ပုံနဲ့ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ပါတဲ့ ရင်ထိုးတွေကို ကူညီချင်သူ စေတနာရှင်တွေက မဲနှိုက်တာဝန်ယူကြတဲ့ အစီအစဉ် ဖြစ်ပါတယ်။ နိုင်ငံရေး အကျဉ်းသားတွေကို ရုပ်ဝတ္ထုပစ္စည်း ကူညီမှုမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ ကူညီတာဟာလည်း သူတို့လုပ်နေတဲ့ လုပ်ငန်းတွေကို ထောက်ခံအားပေးရာရောက်တယ်လို့ ဆိုပါတယ်။ ဒီနှစ် နှစ်သစ်ကူးချိန်မှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ပေးဖို့ လိုအပ်တဲ့အကြောင်း မြန်မာစစ်အစိုးရကို တိုက်တွန်းထားပါတယ်။

ဒါ့အပြင် ဇန်နဝါရီ ၃၁ ရက်နေ့မှာ စတင်မယ့် လွှတ်တော်သစ်ကို တက်ကြမယ့် NDF ပါတီက ကိုယ်စားလှယ်တွေကလည်း လွှတ်တော်ထဲရောက်တာနဲ့ အကျဉ်းသားတွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဦးစားပေးတောင်းဆိုမယ်လို့ ပြောပါတယ်။ အခုရက်ပိုင်းအတွင်း နိုင်ငံရေးအကျဉ်းသားတွေ အနေနဲ့ ကျန်းမာရေး ဆိုးရွားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေကြရတယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။ အထူးသဖြင့်တော့ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေကို အပို့ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေဟာ ရာသီဥတုဒဏ်ကို ခံစားရတဲ့အပြင် လုံလောက်တဲ့ ဆေးဝါးကုသမှုလည်း မရကြဘူးလို့ ဆိုပါတယ်။

NLD ကတော့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ သူတို့မိသားစုဝင်တွေကို ကူညီ ထောက်ပံ့နိုင်ဖို့အတွက် ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂ ရက်နဲ့ ၃ ရက်နေ့တွေမှာ လွတ်လပ်ရေးနေ့အကြို ရန်ပုံငွေ ဈေးရောင်းပွဲ ကျင်းပခဲ့တာမှာ ကျပ် သိန်း ၁၀၀ လောက်ရခဲ့တယ်လို့ ဆိုပါတယ်။

# ဂီရိမုန်တိုင်းအတွက် အမေရိကန်လှူဒါန်း

**RFA । ဂျန်နဝါရီ ၁၂ ॥** ရခိုင်ပြည်နယ်က မုန်တိုင်းဒုက္ခသည်တွေကို စားနပ်ရိက္ခာထောက်ပံ့နိုင်ဖို့ အမေရိကန်အစိုးရက နောက်ထပ် ဒေါ်လာတသန်းခွဲလှူဒါန်းမှာဖြစ်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက ဇန်နဝါရီ ၁၁ ရက် မနေ့ကပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရအမျိုးသမီး Nicole Thompson က RFA ကိုပြောဆိုခဲ့ရာမှာ အခုလှူဒါန်းတဲ့ငွေဟာ နောက်ဆက်တွဲထောက်ပံ့ကူညီတာပါ။ ရခိုင်ပြည်နယ်ကဂီရိမုန်တိုင်းဒုက္ခသည်တွေရဲ့ အမိုးအကာ၊ သောက်ရေ၊ အသုံးအဆောင်ပစ္စည်းတွေအတွက် အမေရိကန်အစိုးရနဲ့ပြည်သူတွေက ဒေါ်လာသုံးသိန်းကျော်ဖိုး လှူဒါန်းထားပြီးသားပါ။ အခုတခေါက်ကတော့ စားနပ်ရိက္ခာအထောက်အပံ့တွေအတွက်ဖြစ်ပါတယ်လို့ ပြောသွားပါတယ်။

မုန်တိုင်းဒုက္ခသည်တွေအတွက် စားနပ်ရိက္ခာဝယ်ယူဖို့ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန USAID ကတဆင့် ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် WFP ကို ဒေါ်လာတသန်းခွဲ ပေးအပ်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့အမေရိကန်သံရုံးရဲ့ မနေ့က သတင်းထုတ်ပြန်ချက်မှာလည်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်သင့်သူတွေ့အတွက် လူသားချင်းစာနာကူညီတဲ့ အထောက်အပံ့တွေနဲ့ ဂီရိမုန်တိုင်းဒုက္ခသည်တွေအတွက် အမေရိကန်ပြည်ထောင်စုအနေနဲ့ လှူဒါန်းငွေ စုစုပေါင်း ဒေါ်လာ ၈၃ သန်းကျော်ရှိသွားပြီလို့ ဖော်ပြထားပါတယ်။

၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ ဂီရိမုန်တိုင်း မြန်မာနိုင်ငံအနောက်ဖက်ကမ်းရိုးတန်းကို ဝင်ရောက်ခဲ့တာကြောင့် လူ၄၅ဦး သေဆုံးပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ အခြေခံအဆောက်အအုံတွေလည်းပျက်စီးခဲ့တဲ့အပြင် လယ်ယာမြေတွေလည်း ဆိုးဆိုးရွားရွားထိခိုက်ခဲ့ပါတယ်။ အခုချိန်ထိမုန်တိုင်းဒုက္ခသည် နှစ်သိန်းကျော်အတွက် စားနပ်ရိက္ခာအကူအညီတွေလိုအပ်နေပါတယ်။

# ကားခ တိုးမြှင့်မှုကြောင့် ကလေးမြို့ တက္ကသိုလ်ကျောင်းသားတွေ ဆန္ဒပြ

**VOA ၊ ဂျန်နဝါရီ ၁၂။** ။ စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်းက ကလေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်(ကလေး) နဲ့ ကွန်ပျူတာတက္ကသိုလ်တွေက ကျောင်းသားကျောင်းသူ ၁,၀၀၀ ကျော်ဟာကျောင်းကားခ တိုးမြှင့်ကောက်ခံတာကို လက်မခံနိုင်လို့ တောင်းဆိုဆန္ဒပြမှုတခုကိုပြုလုပ်ခဲ့ပါတယ်။ မနက် ၇ နာရီကျော်ကနေ နေ့လယ် ၂ နာရီကျော်ထိ ဆန္ဒပြခဲ့ပြီး တောင်းဆိုချက်တွေကို နောက်ဆုံးမှာ အာဏာပိုင်တွေက လိုက်လျောလိုက်တယ်လို့ ကြေညာတဲ့အခါ လူစုခွဲခဲ့ကြပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် မအေးအေးမာက တင်ပြပေးထားပါတယ်။

၂၀၁၀ ခုနှစ် မကုန်ခင်ကတည်းက ဒေသကွပ်ကဲရေး စစ်ဌာနချုပ် (ဒကစ) ကလေးက အာဏာပိုင်တွေဟာ ဒေသတွင်းတက္ကသိုလ်တွေက တက္ကသိုလ်ပါမောက္ခချုပ်တွေကို ခေါ်ယူပြီး ၂၀၁၁ ခုနှစ်ကစပြီး ကျောင်းကြိုပို့ ကားခများကို တိုးမြှင့်ကောက်ခံတော့မှာ ဖြစ်ကြောင်း အသိပေးပြောကြားမှုတွေကို လုပ်ခဲ့ရာမှာ ပါမောက္ခချုပ်တွေကကျောင်းသားတွေရဲ့ အခက်အခဲတွေကိုတင်ပြခဲ့ပေမဲ့ အာဏာပိုင် တွေက ဂရုမစိုက် လျစ်လျူရှုခဲ့ရာကနေ ဇန်နဝါရီလ ၁၂ ရက်နေ့က ကလေးမြို့မှာ ကျောင်းသား ကျောင်းသူ ၁,၀၀၀ ကျော်ဆန္ဒပြမှု ဖြစ်ပွားခဲ့ရတာပါ။

ကျောင်းကားခ တိုးမြှင့်ကောက်ခံမှုကို လျှော့ချပေးဖို့ အပါအဝင် တောင်းဆိုချက်တွေကို လိုက်လျောစေဖို့အတွက် ကျောင်းသားတွေ စီတန်း ချီတက်ကြပုံကို မြို့ခံတဦးက အခုလို ပြောပြပါတယ်။

"ကျောင်းကြိုပို့ကားတွေကို အတက်နဲ့ အဆင်း အားလုံးကိုတားပြီးတော့ လမ်းပိတ်ရပ်ပြီး ကားတွေလည်း မသွားနိုင်းတော့ဘူး။ ကျောင်းသားတွေ ဘူတာလမ်းခွဲကနေ ထောင်နဲ့ချီ ချီတက်လာမယ်ဆိုတာ စစ်တပ်က သတင်းရပြီးသား။ စစ်တပ်ကလည်း သတင်းကြိုရတော့ အဲဒီဒကစရှေ့မှာ တားပြီးတော့ အဆင်သင့် စောင့်နေတာပါ။"

ကလေးမြို့ တာဟန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်ကနေစုဝေးပြီး ဒေသကွပ်ကဲရေး စစ်ဌာနချုပ်ရုံးကို ကျောင်းသားတွေရောက်သွားတဲ့အချိန်မှာ အဝါရောင်လိုင်းနဲ့ အနီရောင်လိုင်းတွေကို တားဆီးပြီးစစ်သားတွေက ကာဆီးထားခဲ့ပါတယ်။ အဝါရောင်လိုင်းနဲ့ အနီရောင်လိုင်းတွေကတော့ ထပ်ပြီး ရှေ့ဆက်မတိုးဖို့ သတိပေးတားမြစ်ချက်တွေဖြစ်ပါတယ်။ စစ်တပ်က ဒကစမှူးနဲ့ ဒုတိယတာဝန်ရှိသူတွေ ခရီးထွက်နေတာမို့ သူတို့လက်အောက်က ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိသူ အရာရှိတဦးက ဦးဆောင်ပြီး ဖြေရှင်းပေးခဲ့ရတယ်လို့ ဆိုပါတယ်။

"ကျောင်းသားတွေက စစ်တပ်နဲ့ ထိပ်တိုက်တွေ့တဲ့အချိန်မှာ ကျောင်းသားတွေက ပြောတယ်၊ ကျနော်တို့ ကျောင်းသားတွေက စားဝတ်နေရေးလည်း ခက်ခဲတယ်၊ အခုကားခတွေက နောက်တဆတက်တော့ တနေ့ကို ၄၀၀ ကုန်တယ်၊ ထမင်းစားစရာတောင် မရှိတော့ဘူး၊ အရင်တုန်းကလည်း ငတ်နေတာ၊ အခု ကားခတက်တော့ ကားခတောင်ပေးစရာမရှိဘူး၊ ကျနော်တို့မှာ အားကိုးပြီး တောင်းဆိုစရာဆိုလို့ ဒကစမှူးပဲရှိတယ်ဆိုပြီး သွားပြောတာပါ။ ဒကစမှူးရဲ့စကားပြန်တုံ့ပြန်တာ မကြားရဘဲ မပြန်ဘူးလို့ အဲဒီလိုမျိုး သူတို့ ပြောတာပါ။"

ဆန္ဒပြကျောင်းသားတွေဟာ စစ်သားတွေ တန်းစီရပ်ထားတဲ့နေရာထိ ချီတက်ခဲ့ကြပေမဲ့ စစ်တပ်ကတော့ လက်နက်မကိုင်ဘဲ တားဆီးမှုကို လုပ်ခဲ့တယ်လို့ ဆိုပါတယ်။ စစ်တပ်ဘက်ကပထမဦးဆုံးကျောင်းသားတွေကို ပြောတာကတော့ ဘယ်သူက ဦးဆောင်ပြီး ဒီလို ဆန္ဒပြမှုကို လုပ်ခဲ့သလဲဆိုတဲ့ မေးခွန်းပါပဲ။ ကျောင်းသားတွေကတော့ အားလုံး ဦးဆောင်တယ်၊ အားလုံး မိမိဆန္ဒနဲ့လာကြတယ်လို့ ဖြေကြတယ်လို့ ဆိုပါတယ်။ ကျောင်းသားတွေ တောင်းဆိုချက်ကတော့...

၁။ ကားခကို ကျပ် ၂၀၀ ကောက်ခံနေတာ အရင်နှုန်းထားအတိုင်း ကျပ် ၁၀၀ ကို ပြန်လည်လျှော့ချပေးဖို့၊

၂။ ကျောင်းသားဦးရေနဲ့အညီ ကျောင်းကား လုံလောက်စွာစီစဉ်ပေးဖို့၊

၃။ ကျောင်းကားတွေကို အချိန်မှန် ပြေးဆွဲပေးဖို့၊

၄။ ကွန်ပျူတာတက္ကသိုလ် ကျောင်းကားတွေမှာ ခရီးသည်နဲ့ ကုန်စည်တွေ တင်ဆောင်ခွင့် မပြုဖို့ စတာတွေ တောင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။

နောက်ဆုံးမှာ အာဏာပိုင်တွေဘက်က လိုက်လျောခဲ့ရပုံကိုလည်း အခုလိုပြောပါတယ်။

"သူတို့က ကျောင်းသားတွေတင်ပြချက်ကို လက်ခံတယ်၊ အထက်ကို တင်ပြပေးမယ်၊ ခဏ စောင့်ဆိုင်းကြပါ ဆိုတော့ ကျောင်းသားတွေက အဲဒီနားမှာရှိတဲ့ အောင်ဆန်းဘောလုံးကွင်းနားက လမ်းဘေးမှာ အားလုံးငြိမ်သက်တိတ်ဆိတ်ပြီးတော့ ထိုင်စောင့်နေကြတယ်။ အဲဒီအချိန်မှာ သက်ဆိုင်ရာတက္ကသိုလ်ကပါမောက္ခချုပ်တွေ၊ ကထိကတွေ၊ ဌာနမှူးတွေရောက်လာပြီး ဆွေးနွေးပွဲလုပ်တယ်။ စစ်တပ်ဘက်ကအရာရှိတွေကလည်းအထက်ကိုတင်ပြပြီး အဲဒီမှာဆွေးနွေးပွဲလုပ်ကြတယ်။

"အာဏာပိုင်တွေဘက်က ကျောင်းသားတွေရဲ့ တောင်းဆိုချက် ၄ ချက်ကိုလက်ခံတယ်လို့ အကြောင်းပြန်တဲ့ဟာကို ကလေးဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်က ပါမောက္ခချုပ်ကို ပြောခိုင်းတယ်။ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်က ပါမောက္ခချုပ်ပြောတာက ဒီနေ့ဖြစ်တဲ့ ကျောင်းသားတွေရဲ့ တောင်းဆိုချက်အားလုံးဟာ မှန်ကန်ပါတယ်၊ ဖြစ်သင့်ဖြစ်ထိုက်တယ်။ ဒါကြောင့် ဆရာတို့ကဖြစ်ဖြစ်၊ လူကြီးပိုင်းကပဲဖြစ်ဖြစ်လက်ခံပြီးသဘောတူပါတယ်လို့ ပြောလိုက်တော့ ကျောင်းသားအားလုံးဝမ်းသာ ပျော်ရွှင်ပြီးတော့ လက်ခုပ်တွေတီးပြီး ပျော်ပျော်ရွှင်ရွှင်ဖြစ်သွားတာပေါ့ဗျာ။"

ဆန္ဒပြကျောင်းသားတွေဟာ အစပိုင်းမှာ လူဦးရေ ၇၀၀ ကျော်လောက်ရှိပေမဲ့ နောက်ဆုံးမှာ လူဦးရေ ၁,၀၀၀ကျော်ထိ ဖြစ်သွားပြီး ကျောင်းသားထက် ကျောင်းသူဦးရေက ပိုများတယ်လို့ မြို့ခံတွေက ဆိုပါတယ်။ ဆန္ဒပြကျောင်းသားတွေရဲ့ နောက်ဆုံးတောင်းဆိုချက်တခုကတော့ သူတို့ဆန္ဒပြတဲ့အတွက် ဘယ်ကျောင်းသားကိုမှကျောင်းကနေ ထုတ်ပယ်တာ၊ အရေးယူတာ မလုပ်ဖို့ကိုလည်းတောင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။

အလားတူ ပြဿနာမျိုးတွေဟာ ရခိုင်ပြည်နယ်တွင်းက တက္ကသိုလ်ကျောင်းသားတွေမှာ ကြုံတွေ့ခဲ့ရသလို နယ်ကျောင်းအတော်များများမှာ ကြုံတွေ့နေရတာလည်း ဖြစ်ပါတယ်။

# ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ဆင့်ခေါ်

**DVB | ဂျန်နဝါရီ ၁၂ ။** ။ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်တွေထဲက ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်အစည်းအဝေး မပြုလုပ်ခင် နေပြည်တော်ကို လာရောက်သတင်းပေးပို့ကြဖို့ ဆင့်ခေါ်လိုက်ပါပြီ။ ဒီလိုဆင့်ခေါ်တဲ့အကြောင်းကိုလည်း ဒီကနေ့ထုတ် အစိုးရပိုင်သတင်းစာတွေမှာ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်က သတင်းထုတ်ပြန်ထားပါတယ်။

ရွေးကောက်တင်မြှောက်ခံရသူတွေလို့ ကော်မရှင်က ကြေညာထားတဲ့ ပြည် သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်အစည်းအဝေးတွေအတွက် ပြင်ဆင်မှုတွေပြုလုပ်နိုင်ဖို့ နေပြည်တော်ကို ဇန်နဝါရီ ၂၇ ရက်နေ့ အရောက်လာ သတင်းပေးပို့ကြဖို့ ဆင့်ခေါ်လိုက်တာပါ။ ကိုယ်စားလှယ်တွေအနေနဲ့ကော်မရှင်ရုံးတွေက ပေးပို့တဲ့ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ လာရောက်ကြဖို့ နှိုးဆော်ထားတာလည်းဖြစ်ပါတယ်။ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကိုတော့ ဒီကနေ့မှာပဲ သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်ကော်မရှင်ရုံးတွေ ဖိတ်စာတွေကိုစတင်ပို့ဆောင်နေပြီလို့ ကိုယ်စားလှယ်တချို့က ပြောပါတယ်။ကိုယ်စားလှယ်တွေကိုသတင်းပို့ကြဖို့ဆင့်ခေါ်လိုက်တာနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲအတွင်း လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၈၈၂ ဦးနဲ့ အများဆုံးအနိုင်ရရှိထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဇေကမ္ဘာ ဦးခင်ရွှေက ...

“၂၇ ရက်သတင်းပို့ပါဆိုတော့ ၂၇ ရက်သတင်းပို့မှာပါ။သတင်းပို့ရတာ (ကြိုတင် အစည်းအဝေး)များ လုပ်မယ်နဲ့တူတယ်။ ကျနော့်စိတ်ထင် ကြိုတင် ပြင်ဆင်တာ လုပ်ကြမယ်နဲ့တူတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဒီပြင်ပါတီက တက်တာအဖွဲ့ အကုန်ပါတယ်။”

ရွေးကောက်ပွဲမှာ ဒုတိယအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ၆၄ ဦး ရွေးချယ်ခံခဲ့ရတဲ့ တစည (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)ကကိုယ်စားလှယ်တွေကိုလည်း အချိန်မီ သွားရောက်နိုင်အောင် စီစဉ်ပေးသွားမယ်လို့ ဒီပါတီရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဟန်ရွှေက ပြောပါတယ်။

“အားလုံးပေါင်း ၆၄ ယောက်ပြန်လာပါပြီ။ဒီဟာကလည်း သက်ဆိုင်ရာ ညွှန်ကြားချက်ထုတ်ထားသလိုပေါ့လေ ၂၇ ရက်နေ့ရောက်အောင် ကျနော်တို့ သွားပြီးတော့ ဆောင်ရွက်ဖို့ပြင်ဆင်ထားတဲ့ အခြေအနေရှိပါတယ်။”

တိုင်းရင်းသားပါတီတွေထဲက ကိုယ်စားလှယ် ၃၅ နေရာ အနိုင်ရရှိထားတဲ့ ရ ခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ အနေနဲ့ ပြင်ဆင်မှုတွေလည်း ပါတီဥက္ကဋ္ဌဖြစ် သူဒေါက်တာအေးမောင်က ...

“ကျနော်တို့ရခိုင်ပြည်နယ်လွှတ်တော်ကိုတက်မယ့်ကျနော်တို့ပါတီက လွှတ်တော်ကိုယ်စားလှယ်တွေကို စစ်တွေမြို့ကိုအရောက် လှမ်းပြီး ဖိတ်ခေါ်ထားပါတယ်။ နောက် နေပြည်တော်ကိုတက်မယ့် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားတွေကို ရန်ကုန်မြို့ကိုလေ ကျနော်တို့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဌာနချုပ်တွေကို ၂၄ ရက်နေ့အရောက်သွားဖို့ ကျနော်တို့ ညှိနှိုင်း အကြောင်းကြားထားပါတယ်။ ”

လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး အနိုင်ရရှိခဲ့တဲ့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီရဲ့ ပြင်ဆင်မှုအခြေအနေတွေကို ပါတီဥက္ကဋ္ဌနိုင်ငွေသိန်းက ပြောပြတာက ...

“ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲထင်တယ်။ဖိတ်စာလည်းမရောက်သေးဘူး။ အကြောင်းကြားစာလည်း မရောက်သေးဘူးလေ။ ကျနော်တို့လည်း အဲဒီမှာ ကြားရတယ်လေ။ တကယ်တော့ ကျနော်တို့ အစီအစဉ်များရှိသလား ဘာလား မျှော်နေတယ် မရောက်သေးဘူးဗျ။ သက်ဆိုင်ရာ ကော်မရှင်ကလည်း မရောက်သေးဘူးလား။ ရောက်များ ရောက်နေသလားဆိုပြီးတော့။ သူတို့ဆီမှာလည်း မရောက်သေးလို့ဖြစ်မှာပေါ့။”

ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်စုစုပေါင်း ၁၆ ဦး အနိုင်ရရှိခဲ့တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ပြင်ဆင်နေမှုအခြေအနေတွေကိုလည်း ဒီပါတီ ကိုယ်စားပြု ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ဉာဏ်စိုးက ခုလို ပြောပြပါတယ်။

“လောလောဆယ်ကတော့ ရှေ့လာမယ့် စနေနေ့မှာ လွှတ်တော်ရေးရာ ကော်မတီပေါ့နော် ပုံမှန်အစည်းအဝေးကျတော့မှ ဒီကိစ္စလေးတွေကို စီစဉ်ပါ့မယ်။ ကျနော်တို့အထဲက အချို့ အချို့သောပုဂ္ဂိုလ် မိမိအစီအစဉ်နဲ့ မိမိသွားဖို့ စီစဉ်ထားပါတယ်။ လောလောဆယ်တော့ ဒီလိုပဲရှိပါသေးတယ်။ သို့သော်လာမယ့် စနေနေ့မှာ လွှတ်တော်ရေးရာကော်မတီအစည်းအဝေးကျရင်တော့ ကျနော်တို့ ဘယ်လို သွားမယ်..၊ စုစုစည်းစည်း သွားဖြစ်ရင်တော့ သွားဖြစ်မှာပေါ့လေ။ ဒါလေးတွေကို ဆွေးနွေးဖြစ်မှာပါ ခင်ဗျ။”

တိုင်းပြည်ကို နှစ် ၂၀ ကျော် စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ခဲ့တဲ့ နအဖ စစ်အစိုးရက ၂၂ နှစ်ကျော်ကာလမှာ ပထမဆုံးလွှတ်တော်အစည်းအဝေးအဖြစ်လာမယ့် ၃၁ ရက်နေ့မှာ စတင်ခေါ်ယူဖို့ကြေညာထားပြီးဖြစ်ပါတယ်။ ဒီလွှတ်တော်နဲ့ပတ်သက်ပြီးတော့လည်း မြန်မာနိုင်ငံရေးလောကမှာ စစ်အစိုးရစိတ်ကြိုက်ကြိုတင်အစီအမံတွေ လောက်ပဲလုပ်ဆောင်ကြရမယ့် လွှတ်တော်အဖြစ်ကြိုတင်ဝေဖန်မှုတွေလည်းရှိနေပါတယ်။ လွန်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်ကပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲရလဒ်တွေအရ လွှတ်တော်ခေါ်ယူပေးဖို့ကိုတော့ နအဖ စစ်အုပ်စုက တာဝန် ပျက်ကွက်ခဲ့ပါတယ်။

# ဖိုမီးကိုယ်စားလှယ် ဒေါ်စုနှင့်တွေ့ဆုံ

**RFA | ဂျန်နဝါရီ ၁၃ ။ ။** ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုဖိုမီးအမျိုးသားကွန်ဂရက် ဥက္ကဋ္ဌပူကျင်ရှင်းထန်နဲ့နယ်ကရောက်ရှိလာတဲ့ ဖိုမီးလူငယ်ကိုယ်စားလှယ်တွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ လာရောက် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိပါတယ်။

၂၀၀၇ ခုနှစ် စက်တင်ဘာလက ရွှေဝါရောင်သံဃာနှင့် လူထုလှုပ်ရှားမှုတွင် ဖိုမီးတိုင်းရင်းသားများလည်း အတူလက်တွဲ စီတန်းလှည့်လည်ရာမှာ ပါဝင်ခဲ့ပါတယ်၊

ပူကျင်ရှင်းထန်နဲ့ ဖိုမီးလူငယ်တွေဟာ ချင်းပြည်နယ်အတွင်း အခြေအနေနဲ့လုပ်ဆောင်နိုင်မဲ့ နည်းလမ်းတွေကို ဒေါ်အောင်ဆန်းစုကြည်နဲ့ဆွေးနွေးခဲ့တယ်လို့လည်းသိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း သိရှိလိုတဲ့အခြေအနေတွေကို မေးမြန်းခဲ့တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်က ရှင်းပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ညနေပိုင်းမှာ အမေရိကန်ပြည်ထောင်စုအခြေစိုက် NBC သတင်းဌာနနဲ့ တွေ့ဆုံခဲ့တယ်လို့လည်း ဦးအုန်းကြိုင်က ပြောပါတယ်။

“ညနေပိုင်းမှာတော့ သူမနေအိမ်မှာ NBC ရုပ်သံနဲ့ တွေ့ဆုံပြီးတော့ အင်တာဗျူးပေးပါတယ်။ အခု ကျွန်တော် ပြောနေတဲ့အချိန်မှာ အင်တာဗျူးပေးနေတုန်းရှိပါတယ်။”

တချိန်တည်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်ရပ်တည်ခွင့်အတွက် အယူခံကို ဒီကနေ့ နေပြည်တော် တရားရုံးချုပ်မှာ ရှေ့နေတွေက တင်ခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ရှေ့နေ ဦးဉာဏ်ဝင်းက AFP သတင်းဌာနကို ပြောကြားလိုက်ပါတယ်။

# နအဖစစ်အုပ်စု၏ ပြည်သူ့စစ်မှုထမ်းဥပဒေ လူငယ်ဘောင်သစ်ပါတီ ကန့်ကွက်

**RFA । ဂျန်နဝါရီ ၁၃ ॥ ॥** မြန်မာနိုင်ငံမှာ အသက်ပြည့်ပြီးသူတိုင်း စစ်မှုထမ်းဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို စစ်အစိုးရကပြဋ္ဌာန်းလိုက်တဲ့ အပေါ် လူငယ်ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ကန့်ကွက်ကြောင်း ဒီကနေ့ ဇန်နဝါရီ ၁၃ ရက်မှာ ကြေညာချက်တစောင် ထုတ်ပြန်လိုက်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အရန်တပ်ဖွဲ့ဥပဒေတွေဟာ ပြည်သူ့အခွင့်အရေးကို ချိုးဖောက်တာဖြစ်သလို စစ်မှုထမ်းတပ်မတော်သားများရဲ့အခွင့်အရေးကိုလည်း ချိုးဖောက်ရာရောက်တယ်လို့ဆိုပါတယ်။ လူငယ်ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး ဦးခင်မောင်တင့်က အခုလိုပြောပါတယ်။

"ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ အရန်တပ်ဖွဲ့ ဥပဒေဆိုတာက ကျနော်တို့တိုင်းပြည်မှာရှိတဲ့ပြည်သူတွေနဲ့ တပ်မတော်သားတွေရဲ့ ဒီမိုကရေစီအခွင့်အရေးနဲ့ အခြေခံအခွင့်အရေးတွေကို ချိုးဖောက်တဲ့ ဥပဒေဖြစ်နေတဲ့အတွက် ကျနော်တို့ဆန့်ကျင်ကန့်ကွက်ရတာ ဖြစ်ပါတယ်။ ဥပဒေတွေပြဋ္ဌာန်းတဲ့ပြဋ္ဌာန်းပုံပြဋ္ဌာန်းနည်းကလည်းမဟုတ်ဖူး၊ သူတို့တတွေသတ်မှတ်ထားတဲ့ ဒီဖွဲ့စည်းပုံအရပြောမယ် ဆိုရင် တောင်မှ လွှတ်တော်တွေ ပါလီမန်တွေမှာ မူကြမ်းတွေကိုတင်သွင်းပြီးတော့မှ အဲဒီမှာဆွေးနွေးမဲ့ခွဲအတည်ပြု ဆုံးဖြတ်ရမှာ ဖြစ်တယ်။"

"ဒီလုပ်ရပ်ကိုမလုပ်ပဲနဲ့ စစ်အစိုးရက အပိုင်ချုပ်နှောင်ပြီးတော့ ဒီဥပဒေတွေကိုပြဋ္ဌာန်းလိုက်တာဖြစ်တယ်။ ဒါကြောင့် ဒီဥပဒေကို ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်တာ။ ဒါကို နောင်တက်လာတဲ့အစိုးရက မပယ်မ ဖျက်မချင်း အတည်ဖြစ်မယ်ဆိုတဲ့ အခြေခံအချက်တွေနဲ့ သူတို့လက်ဦးမှုရှိရှိ လုပ်ထားတာဖြစ်ပါတယ်။ စစ်တပ်ကိုဗျာ တရားဝင် အင်အားစုဆောင်းခွင့်ရအောင်လုပ်လိုက်တဲ့ သဘောလည်း ဖြစ်ပါတယ်။"

တိုင်းပြည်အတွက်အရေးကြီးတဲ့ဥပဒေမျိုးကို စစ်မှန်တဲ့ ပြည်သူ့လွှတ်တော်တရပ်ကနေ ချမှတ်ရမဲ့အစား နအဖက လက်ဦးမှုယူပြုလုပ်တာမျိုးလက်မခံနိုင်ကြောင်း၊ စစ်အစိုးရက လိုရင်လိုသလို စစ်သားစုဆောင်းနိုင်အောင်နဲ့ပေါ်တာဆွဲနိုင်အောင်ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်ကြောင်းကိုလည်း ကြေညာချက်မှာဖော်ပြထားပါတယ်။

တဆက်တည်းမှာပဲ မြန်မာပြည်သူတွေကို စစ်ကျွန်ဇာတ်သွင်းဖို့ ပြင်ဆင်ထားတဲ့ စစ်အစိုးရရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကန့်ကွက်ကြောင်း ၂၀၀၇ ခုနှစ် မျိုးဆက်သစ်ကျောင်းသားများသမဂ္ဂကလည်း ဒီကနေ့ ကြေညာချက်တစောင်ထုတ်ပြန်ပြီး ကန့်ကွက်လိုက်ပါတယ်။

စစ်အစိုးရက လိုရင်လိုသလို အသုံးပြုနိုင်အောင် ပြဋ္ဌာန်းလိုက်တဲ့စစ်မှုထမ်းဥပဒေဟာ လူငယ်ထုတရပ်လုံးကို ခြိမ်းခြောက်လိုက်တာပဲဖြစ်ကြောင်း ၂၀၀၇ ခုနှစ် မျိုးဆက်သစ်ကျောင်းသား သမဂ္ဂခေါင်းဆောင်တဦးဖြစ်တဲ့ မခင်သက်ထားဝေက အခုလိုပြောပါ တယ်။

"ဒီလွှတ်တော်ခေါ်ယူခြင်းမရှိပဲ အစိုးရသစ်ဖွဲ့စည်းနိုင် ခြင်းမရှိသေးပဲနဲ့တော့ ဒီဥပဒေပြဋ္ဌာန်းပိုင်ခွင့်မရှိပါဘူးပေါ့နော်။ စစ်မှုထမ်းတယ် ဆိုတာကလည်း လူတိုင်းလူတိုင်း ဒါကိုယ့်သဘော ဆန္ဒနဲ့သာ လုပ်ပိုင်ခွင့်ရှိပါတယ်။ ပြည်သူတွေရဲ့ သဘောဆန္ဒတွေကို လျစ်လျူရှုပြီးတော့ ဒီဥပဒေထုတ်ခိုင်းစေတာကတော့ အဓိပ္ပာယ်မရှိဘူးပေါ့နော်။ ဒါကတော့ တတိုင်းပြည်လုံးကို စစ်ကျွန်အဖြစ် တရားဝင်သွတ်သွင်းနေတာလို့ပဲ ထင်ပါတယ်။"

စစ်မှုထမ်းတာဟာ နိုင်ငံသားတဦးချင်းရဲ့ ဆန္ဒအလျောက်သာ ဖြစ်သင့်ကြောင်း၊ စစ်မှုထမ်းဥပဒေကိုလည်း စစ်အစိုးရကပြဋ္ဌာန်းခွင့်မရှိပဲ စစ်မှန်တဲ့ပြည်သူ့ကိုယ်စားလှယ်တွေကသာ မဲခွဲချမှတ်သင့်ကြောင်း၊ ဒါကြောင့် ၂၀၀၇ မျိုးဆက်သစ် ကျောင်းသားတွေအနေနဲ့ စစ်အစိုးရရဲ့ စစ်မှုထမ်းဥပဒေကိုကန့်ကွက်ကြောင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် လူငယ်ထုနဲ့ပြည်သူတရပ်လုံးကလည်း ဝိုင်းဝန်းဆန့်ကျင်သွားဖို့ကိုလည်း သူတို့ရဲ့ကြေညာချက်မှာ တိုက်တွန်းထားပါတယ်။

---

## ကျောင်းသားတပ်မတော်အပေါ် ကန့်သတ်ချက်များ အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာန ဖယ်ရှား

**RFA । ဂျန်နဝါရီ ၁၂ ॥ ॥** အမေရိကန်ပြည်ထောင်စုမှာ ရွှေ့ပြောင်းနေထိုင်ခွင့်ရထားတဲ့ မြန်မာနိုင်ငံဖွား တိုင်းရင်းသားတွေထဲက ကျောင်းသားတပ်မတော်လို့လူသိများတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF ကို ငွေကြေးပစ္စည်း ကူညီထောက်ပံ့ပေးဖူးသူတွေအပေါ်ထိန်းချုပ်ထားတဲ့ အခွင့်အရေးတချို့ကို အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာနက ပြန်လည်ဖွင့်ပေးလိုက်ပြီလို့ သိရပါတယ်။

RFA က မိတ္တူလက်ခံရရှိထားတဲ့ အမေရိကန်ပြည်ထောင်စု အင်ဒီးယားနားပြည်နယ်အခြေစိုက် အမေရိကန်အစိုးရ နိုင်ငံသားစိစစ်ရေးနဲ့ လူဝင်မှုကြီးကြပ်ရေးဌာန USCIS ကို ကိုးကားပြီး အမေရိကန် အောက်လွှတ်တော်အမတ်တဦးရုံးက မြန်မာ့အရေးလုပ်ဆောင်နေသူတွေဆီ ပေးပို့တဲ့အကြောင်းကြားစာမှာအခုလိုအတည်ပြုရေးသားထားတာဖြစ်ပါတယ်။ ABSDF အဖွဲ့နဲ့ပတ်သက်ပြီး ဆိုင်းငံ့ထားတဲ့ လူဝင်မှု ကြီးကြပ်ရေးအမှုတွေကိုလည်း မကြာခင်ပြန်လည်ဆောင်ရွက်ပေးတော့မယ်လို့လည်း ဒီပေးစာမှာဖော်ပြထားပါတယ်။

အမေရိကန်အစိုးရဟာ 9/11 အကြမ်းဖက်တိုက်ခိုက်ခံရမှုနောက်ပိုင်း ကမ္ဘာတဝန်း လက်နက်ကိုင်အဖွဲ့အစည်းတော်တော်များများကို အကြမ်းဖက်အဖွဲ့စာရင်းထဲသွင်းပြီး စောင့်ကြည့်ခဲ့ပါတယ်။ အဲဒီထဲမှာ မြန်မာစစ်အစိုးရကို လက်နက်ကိုင်တော်လှန်နေတဲ့ အဖွဲ့တချို့လည်း ပါဝင်ခဲ့ပါတယ်။

ဒီအတွက် ကုလသမဂ္ဂနဲ့အမေရိကန်အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်တဲ့ ဒုက္ခသည် ဘဝသစ်ပြန်လည်ထူထောင်ရေးအစီအစဉ်နဲ့ အမေရိကန်ပြည်ထောင်စုမှာ နေထိုင်ခွင့်ရခဲ့သူတွေထဲက ABSDF ၊ KNU CNF စတဲ့ အဖွဲ့တွေကို ပံ့ပိုးကူညီခဲ့ဖူးသူတွေကို အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာနက Green Card လို့ခေါ်တဲ့ အမြဲတမ်းနေထိုင်ခွင့်လက်မှတ်ထုတ်မပေးပဲ ဆိုင်းငံ့ထားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းမှာတော့ အမေရိကန်အစိုးရဟာ ABSDF ကို အကြမ်းဖက်အဖွဲ့အစည်းစာရင်းထဲကနေ ပယ်ဖျက်ပေးလိုက်ပြီ ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့ပြီး၊ အခု လူဝင်မှုကြီးကြပ်ရေးဌာနရဲ့ ဆိုင်းငံ့မှုတွေရုပ်သိမ်းလိုက်တာဖြစ်ပါတယ်။

# စစ်တပ်အင်အား ပိုမိုကြီးမားရေး အရန်တပ်ဖွဲ့ဥပဒေကိုပါ ပြဌာန်း

**RFA ၊ ဂျန်နဝါရီ ၁၃ ။**။ ၂၀၁၀ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်တဲ့ အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရ ပြဌာန်းချက်မှာ အရန်တပ်ဖွဲ့ဥပဒေကိုပါ စစ်အစိုးရက ထည့်သွင်းထားတယ်လို့ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အထွေထွေ အတွင်းရေးမှူး ဦးအောင်ထူးက ဇန်နဝါရီ ၁၂ ရက် မနေ့က ပြောကြားလိုက်ပါတယ်။

အရန်တပ်ဖွဲ့ဥပဒေအရအငြိမ်းစားစစ်မှုထမ်းတွေကိုခံစားခွင့်အပြည့်နဲ့စစ်တပ်ရဲ့ အရန်တပ်ဖွဲ့မှာ ငါးနှစ်ဆက်လက်တာဝန်ပေးအပ်ထားတာပါ။ဒါကြောင့်အရန်တပ်ဖွဲ့ဆိုတာထက် အမြဲတမ်းစစ်တပ် ပုံသဏ္ဍာန်မျိုးပိုပြီးအင်အားကြီးမားအောင်စစ်အစိုးရကရည်ရွယ်တာဖြစ်တယ်လို့ ရှေ့နေ ဦးအောင်ထူးက ဆိုပါတယ်။

"ဘာကြောင့်လဲဆိုတော့ အရန်တပ်ဖွဲ့ဝင်တွေ အကုန်လုံးက တပ်မတော်သားတိုင်း လိုက်နာရတဲ့ ၁၉၅၉ တပ်မတော် အက်ဥပဒေကို လိုက်နာရမယ်၊ နောက် အရန်တပ်ဖွဲ့ ကုန်ကျစရိတ်တွေ အကုန်လုံးကို တိုင်းပြည် ဘဏ္ဍာငွေက ကျခံရမယ်၊ နောက် လက်ရှိတပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ပုဂ္ဂိုလ်တွေဟာလက်ရှိတပ်မတော်ကအငြိမ်းစားယူသည်ဖြစ်စေ၊ နုတ်ထွက်သွားသည်ဖြစ်စေ၊ အရန်တပ်ဖွဲ့မှာ ငါးနှစ် တာဝန်မထမ်းဆောင် မနေရ ထမ်းဆောင်ရမယ်။ အဲဒီ ငါးနှစ်ဟိုဖက်ကို ကျော်သွားဦးတော့၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နေပြီးတော့ အဲဒီပုဂ္ဂိုလ်တွေကို တပ်ကထွက်သွားတဲ့ ပုဂ္ဂိုလ်တွေ၊ အငြိမ်းစားယူသွားတဲ့ ပုဂ္ဂိုလ်တွေ အရန်တပ်ဖွဲ့ဝင်အဖြစ်နဲ့ ထပ်မံခန့်အပ်နိုင်တယ်ဆိုတဲ့ ပြဌာန်းချက်တွေ ပါရှိတာကြောင့်မို့လို့ ဒီအရန်တပ်ဖွဲ့ ဆိုသော်ငြားလည်းပဲ ဒီတပ်ဖွဲ့က တကဲ့ အရန်သဘောမဆောင်ပဲနဲ့ ပင်မတပ်မတော်ကြီးကိုသာ ကြီးထွားသည်ထက် ကြီးထွားအောင်လုပ်မဲ့အနေအထားကို ဖန်တီးမဲ့ ဥပဒေဖြစ်နေတာကိုတွေ့ရတယ်။"

လွှတ်တော်ခေါ်ယူပြီး နောက်ပိုင်း လက်ရှိ စစ်ခေါင်းဆောင်တွေ အနေနဲ့ အုပ်ချုပ်ရေးကဏ္ဍကနေ အပြင်ကိုရောက်သွားမဲ့ အခြေအနေအတွက် ကြိုတင်ပြီး ပြင်ဆင်တဲ့သဘောလို့လည်း ဦးအောင်ထူးက ယူဆပါတယ်။ ဒါအပြင် စစ်တပ်အတွင်း အသက် ၆၀ ပြည့် ပင်စင်မဖြစ်မနေယူရမယ်ဆိုတဲ့ ဥပဒေမျိုး လွှတ်တော်ကနေပြဌာန်းနိုင်တဲ့ အလားအလာကို စစ်ဗိုလ်ချုပ်ကြီးတွေ ကြိုတင် အကာအကွယ်ယူတဲ့ သဘော ဖြစ်တယ်လို့လည်း ဆိုပါတယ်။

အခုပြဌာန်းလိုက်တဲ့ စစ်တပ်ပိုင်းဆိုင်ရာ ဥပဒေတွေဟာ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၄၀ တပ်မတော်ရဲ့အခန်းကဏ္ဍ ခေါင်းစဉ်အောက်မှာ ပါတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

---

# အဖွဲ့ချုပ် တရားဝင်ရပ်တည်ရေး နောက်ဆုံး အထူးအယူခံတင်သွင်း

**VOA ၊ ဂျန်နဝါရီ ၁၃ ။** ။ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်ပါတီအဖြစ် ဆက်လက် ရပ်တည်နိုင်ရေး နောက်ဆုံးအထူးအယူခံလွှာကို ကြားနာဖို့အတွက် နေပြည်တော်တရားရုံးချုပ်က ဒီကနေ့ လက်ခံလိုက်ပြီလို့ အကျိုးဆောင်ရှေ့နေကြီး ဦးဉာဏ်ဝင်းက ပြောပါတယ်။ အမှုကို လက်ခံထားလိုက်ပေမဲ့ ဘယ်နေ့မှာ ကြားနာမယ် ဆိုတာတော့ မသိရသေးဘူးလို့ ဆိုပါတယ်။ အပြည့်အစုံကို ဆက်သွယ် စုံစမ်းထားတဲ့ ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

ဒီနောက်ဆုံးအယူခံလွှာကိုတော့ အကျိုးဆောင်ရှေ့နေ ၃ ဦးက ဒီကနေ့မှာပဲ နေပြည်တော်တရားရုံးချုပ်မှာ သွားရောက်တင်သွင်းခဲ့ကြတာပါ။

"ဒီနေ့ ဦးကြည်ဝင်းရယ်၊ ကျနော်ရယ်၊ ဦးကျော်ဟိုးရယ် ၃ ယောက် နေပြည်တော်ကို လာပြီး အမှုလာတင်ပါတယ်။ ကျနော်တို့ရဲ့ အထူးအယူခံကို ၁၂ နာရီမှာ တင်ပါတယ်။ ၂ နာရီမှာ ပြန်ချိန်းတယ်။ ၂ နာရီ ပြန်လာတော့ အမှုနံပါတ်ပေးပါတယ်။ အယူခံလျှောက်လွှာ Acceptance ပေါ့၊ မှတ်ပုံတင်တယ်ပေါ့၊ အဲဒီလို ပြောလို့ရတယ်။ အမှုနံပါတ်က ၁၆ ရပါတယ်။"

အခု တင်ပြီးသွားပြီဆိုတော့ ရှေ့ဆက် ဘယ်လိုဖြစ်မလဲ ခင်ဗျ။ ကြားနာဖို့လား၊ ဘယ်လိုပါလဲ။

"ရက်ကို ကျနော်တို့ဆီကို အကြောင်းကြားပေးပါ့မယ်လို့ ပြောလိုက်ပါတယ်၊ တရားရုံးက။"

ဒါဆိုရင် ရှေ့ဆက် စောင့်ရဦးမယ့် သဘောပေါ့။

"ဟုတ်ကဲ့ပါ၊ ကျနော်တို့ သူတို့ အကြောင်းကြားမယ့် နေ့ရက်ကို စောင့်ရမယ်။ အဲဒီနေ့ရက်ရောက်ရင် လက်ခံရေးအတွက် လျှောက်လဲချက် ပေးရမယ်။"

လက်ခံရေးအတွက်ဆိုတော့ ဒီအမှုကို တရားရုံးက လက်ခံယူထားလိုက်တာပဲ ရှိသေးတယ်။ ကြားနာမယ်၊ မကြားနာဘူးဆိုတာတော့ မသေချာသေးဘူးဆိုတဲ့ သဘောလားခင်ဗျ။

"ကြားနာမှာသေချာတယ်။ ကြားနာမယ့် ရက်ကိုသာ မသိသေးတာပါ။ တဘက်က အစိုးရဘက်က ရှေ့နေချုပ်ရုံးကဖြစ်မယ်။ နောက် ဒီတဘက်က ကျနော်တို့ပေါ့။"

NLD ဗဟိုဥပဒေ အထောက်အကူပြုအဖွဲ့ဝင် အကျိုးဆောင်ရှေ့နေကြီး ဦးဉာဏ်ဝင်းပြောပြခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဖို့ NLD က ဆုံးဖြတ်ခဲ့ပြီးနောက် စစ်အစိုးရက ထုတ်ပြန်ထားတဲ့ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေတွေကြောင့် ပါတီအနေနဲ့ တရားဝင်ရပ်တည်ပိုင်ခွင့် မရှိတော့သလိုဖြစ်သွားခဲ့တဲ့အပေါ် NLD က တရားရုံးမှာ အယူခံဝင်ထားတာပါ။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းခဲ့တဲ့ ပါတီဆက်လက်ရပ်တည်ရေး ပထမအကြိမ် အယူခံကိုတော့ နေပြည်တော်တရားရုံးချုပ်က ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၂ ရက်နေ့က ပယ်ချခဲ့ပေမဲ့ အထူးအယူခံဝင်ခွင့် ရှိနေသေးတာကြောင့် အခုနောက်ဆုံးအဆင့် နေပြည်တော်မှာရှိတဲ့ တရားရုံးချုပ်မှာ ဒီအထူးအယူခံကို တင်သွင်းတာဖြစ်ပါတယ်။

# ရွေးကောက်ပွဲလွန်နိုင်ငံရေးထဲကအရေးကြီးတဲ့အချက်တချက်

**ရဲဘော် ဖိုးသံချောင်း**

ဒီနေ့အခါ ဗမာပြည်နိုင်ငံရေးမှာလှုပ်ရှားနေသူတွေဟာ မတူတဲ့ နယ်ပယ်နှစ်ခုမှာလှုပ်ရှားနေကြသလိုဖြစ်နေပါတယ်။ တချို့လူတွေ၊ အဖွဲ့အစည်းတွေက ရက်ပိုင်းသာလိုတော့တဲ့ ရွေးကောက်ပွဲအတွက် အဓိကလုံးပမ်းနေကြတာဖြစ်ပါတယ်။ ဒီအထဲမှာ အဓိကအားဖြင့် နအဖ အစိုးရ (ကြံ့ဖွတ်အပါ) နဲ့ ရွေးကောက်ပွဲဝင်မယ့် အင်အားစုတွေပါဝင်ပါတယ်။ သူတို့ဟာ ရွေးကောက်ပွဲကို အခုအခါမှာ အဓိကအရေးကြီးဆုံး လုပ်ငန်းလို့ သဘောထားကြပါတယ်။ နောက် သတိထားစရာ အချက်က သူတို့ဟာ တခြားလှုပ်ရှားမှု တွေကို အခုအခါမှာ(ယာယီပဲ ဖြစ်ဖြစ်) ဘေးချိတ်ထားကြပါတယ်။ လုပ်ငန်းအားလုံးဟာ ရွေးကောက်ပွဲမှာ အနိုင်ရရှိရေးကို အထောက်အကူဖြစ်ရေးဖြစ်နေပြီး ကျန်အားလုံးကို အဲဒီလုပ်ငန်းရဲ့လက်အောက်ခံလို့သူတို့က သဘောထားကြပါတယ်။ နောက်တမျိုးကတော့ နအဖရဲ့ရွေးကောက်ပွဲကို လုံးဝ အာရုံမထားပဲ ရွေးကောက်ပွဲလွန်ကာလ နိုင်ငံရေးအခင်းအကျင်းအတွက် ပြင်ဆင် လုံးပမ်းနေကြပါတယ်။

သူတို့အမြင်မှာ ရွေးကောက်ပွဲဟာ ပြည်သူလူထုအတွက်ဘာ အကျိုးစီးပွားကိုမှ ဖြစ်ထွန်းစေမှာမဟုတ်ပဲ အကျိုးတောင်ယုတ်စေ မယ်လို့ သဘောထားကြပါတယ်။ ဒီအထဲမှာ အသွင်သဏ္ဍာန် အမျိုးမျိုးနဲ့ လှုပ်ရှားနေကြသူတွေ ပါဝင်ကြပြီး သူတို့ဟာရှေ့မှာလည်း အသွင် သဏ္ဍာန်အမျိုးမျိုးနဲ့ပဲ ဆက်လှုပ်ရှားကြမယ့်သဘော ရှိပါတယ်။ ရွေးကောက်ပွဲလွန်နိုင်ငံရေးမှာ ဘယ်ကိစ္စတွေဟာ ထိပ်တန်းကို ရောက်လာမလဲ၊ အဓိက ပြောဆိုကြမလဲဆိုတာကို ပြောရတာ နည်းနည်း စောသေး တယ်လို့ဆိုနိုင်ပါတယ်။ ဗမာပြည်မှာက အရေးတကြီး ကိုင်တွယ်ဖြေရှင်းရမယ့်နိုင်ငံရေးပြဿနာတွေက များမှများ မဟုတ်လား။ ဒါ့အပြင်စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်တွေမှာလည်း တခြားအရေးတကြီးဖြေရှင်းရမယ့်ပြဿနာတွေ တောင်လိုပုံနေတာပါ။ ဒီရွေးကောက်ပွဲမှာ မြေကြီးလက်ခတ် မလွဲလို့ဆိုရမလောက်အနိုင်ရမယ့် ကြံ့ဖွတ်အဖွဲ့ ဟာလက်ရှိ နအဖလုပ်ကိုင်နေတာတွေကို ဘာမှသဘောထားမပေးရဲ မက ထူးထူးခြားခြား မျှော်လင့်စရာလည်း ဘာမှပြောမထားပါဘူး။ ရွေးကောက်ပွဲ ပြီးသွားလို့ သူတို့အာဏာရရင် တိုင်းပြည်မှာ ဘာအ ပြောင်းအလဲမှမရှိနိုင်ဘူးလို့ သူတို့က ပြောနေ သလိုပါပဲ။

နိုင်ငံ့စီးပွားရေးကို စစ်အုပ်စုနဲ့သူတို့အပေါင်းပါတွေပဲ လက်ဝါး ကြီးအုပ် ထင်တိုင်းလုပ်နေတဲ့ ပြဿနာ၊ နိုင်ငံရေးအကျဉ်းသမားတွေ ပြဿနာ၊ ပါတီအဖွဲ့အစည်းတွေတရားဝင်ရပ်တည်ခွင့်ပြဿနာ၊ဆုတ် ယုတ်ပျက်ပြားနေတဲ့ ကျန်းမာရေး၊လူမှုရေး၊ ပညာရေးပြဿနာတွေကို ဘယ်လိုဖြေရှင်းမယ်ဆိုတာ သူတို့ပါးစပ်က လုံးဝမကြားရပါဘူး။ ဒါပေမဲ့ သူတို့ပါးစပ်က ထုတ်ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ၊သူတို့ ကိုင်တွယ်လိုသည်ဖြစ်စေ၊ မကိုင်တွယ်လိုသည်ဖြစ်စေရွေးကောက်ပွဲ ပြီးတာနဲ့ ကိုင်တွယ်ဖြေရှင်းရမယ့် ပြဿနာတခုရှိနေပါတယ်။အဲဒါက တော့ အပစ်ရပ်အဖွဲ့အစည်းတွေရဲ့ပြဿနာ၊ ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာဖြစ်ပါတယ်။ လတ်တလော ပြဿနာကတော့ အပစ်ရပ်အဖွဲ့ တွေရဲ့ကိစ္စဖြစ်ပါတယ်။

ရွေးကောက်ပွဲနောက်ပိုင်းမှာတိုင်းပြည် အုပ်ချုပ်မင်းလုပ်မယ့်လူ တွေ ဘယ်လိုမှ ခေါင်းရှောင်လို့မရတဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကို ဖြေရှင်းတာဟာ စစ်ပွဲတွေ ထပ်ဖန်တီးလိုက်တာ ဖြစ်နိုင်သလို အဲဒီအ စိုးရသစ်ရဲ့ တကယ့်လက္ခဏာကို ဖွင့်ပြလိုက်တဲ့အချက်လည်း ဖြစ်သွား နိုင်ပါတယ်။ အဲဒီအစိုးရဟာ နအဖရဲ့ ပြည်သူလူထုကို လက်နက်နဲ့အ ကြမ်းဖက်တဲ့ပေါ်လစီကို ဆက်ဆုပ်ကိုင်ထားသလား၊ တိုင်းရင်းသား လူမျိုးစုတွေပေါ် အာဃာတ - ရန်ညိုးထားမြဲထားရှိသလား၊ ကိုယ်နဲ့ အမြင်မတူ သူကို ကိုယ့်ရန်သူလို့ ယူဆနေသေးသလားဆိုတာတွေပေါ် လာမှာပါ။ ဗမာပြည်မှာ ၁၉၄၈ ခုနှစ်ကစလို့ တက်ခဲ့တဲ့အစိုးရတွေအား လုံးမှာ ပြည်တွင်းစစ်နဲ့ပတ်သက်လာရင်"လက်နက်ချမလား-အပြုတ် တိုက်ရမလား"ဆိုတဲ့သဘောထားပဲ တောက်လျှောက်ကိုင်စွဲခဲ့ တာဖြစ် ပါတယ်။ ပြည်တွင်းစစ်ဟာနိုင်ငံရေးပြဿနာရဲ့အဆက်ဖြစ်တယ်၊ နိုင်ငံ ရေးနည်းအရ ဖြေရှင်းမှုရမယ်ဆိုတာကို ဗိုလ်နေဝင်းလက်အောက် ရောက်ခဲ့ရတဲ့ စစ်တပ်ဟာ ဘယ်တုန်းကမှလက်မခံခဲ့ပါဘူး။

အတုအယောင် ငြိမ်းချမ်းရေးတွေ ခေါ်ခဲ့ပေမဲ့ ဒါတွေဟာသူတို့ အတွက်နိုင်ငံရေးအမြတ်ထုတ်တာချည့်ပဲဖြစ်ပါတယ်။နောက် ထောက် ပြသင့်တာကအပစ်ရပ်အဖွဲ့တွေထဲကသူတို့တောင်းဆိုချက်ကိုလက် မခံတဲ့အဖွဲ့တွေကို နဝတ-နအဖစစ်အစိုးရတွေ ချေမှုန်းခဲ့ တဲ့သ မိုင်းပါ။ အစောဆုံးက မုံဂူကလီနမင်တို့အဖွဲ့ပါ။ အစည်း အဝေး ခေါ်တယ်ဆိုပြီး ဝိုင်း ပစ်သတ်လိုက်ကြပါတယ်။ ခေါင်း ဆောင် တပြုံလုံးတနေရာထဲမှာ အသက်ပျောက်သွားရတဲ့အဖြစ်အပျက်ပါ။ အဲဒီနောက် မောင်ဆာလ အဖွဲ့၊ ဗမာပြည်ရဲ့အရှေ့ဘက် အစွန်ဆုံးက လက်နက်ကိုင်အဖွဲ့ခေါင်း ဆောင်မောင်ဆာလတယောက် ဗမာပြည်ရဲ့အနောက်ဘက်စွန်ဆုံး က ဘူးသီးတောင်ထောင်ထဲမှာ သေဆုံးသွားရတယ်။

နောက်ကိုး ကန့်အဖြစ်အပျက်။ ဘယ်တခုမှအေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်အဆုံးသတ်တယ်လို့မရှိခဲ့ဘူး။ အားလုံးသွေးထွက် သံ ယိုနဲ့ချည်းပဲမဟုတ်ပါလား။ အဖြစ်အပျက်တိုင်းမှာ စစ်အစိုးရဘက်က ကလိမ်ကကျစ်လုပ်တာ၊ ရက်ရက်စက်စက်သတ်ဖြတ်တာတွေကို အ ထင်အရှားတွေ့ရှိနေရပါတယ်။ အခုအခါမှာအပစ်ရပ် အဖွဲ့တွေထဲမှာ နအဖတောင်းဆိုတဲ့အတိုင်းမလိုက်လျောတဲ့ အဖွဲ့တွေ အထင်အရှား ကျန်နေသလို နအဖနဲ့ အပစ်အခတ်ရပ်စဲရေး သဘောမတူနိုင်သေးတဲ့ အဖွဲ့တွေလည်းရှိနေပါတယ်။ နအဖဟာ ဒီအဖွဲ့တွေကို အထက်မှာ ပြောခဲ့တဲ့အဖွဲ့တွေကို ဖြေရှင်းသလို ဖြေရှင်းဖို့ ကြိုးစားလို့ကတော့ စစ် ပြန်ဖြစ်မှာပါ။ နိုင်ငံတကာ့ အလယ်မှာ ဗမာပြည် ဓားမနောက်ပိတ်ဖြစ် နေရတဲ့အကြောင်းရင်း တခုဟာ ပြည်တွင်းစစ်ဖြစ်နေလို့ပါ။

ငြိမ်းအဖွဲ့တွေနဲ့ အပစ်ရပ်ထားတယ်ဆိုပေမဲ့ စစ်တပ်တွေလက်

**စာမျက်နှာ ၁၀ သို့**




# သတင်းတိုများ

**ဂျန်နဝါရီ ၈ I -MizzimaII II** မိုးညှင်းတွင် လယ်သမား ၆၃ ဦးမှ မိမိတို့လယ်များကို ယုဇနအဖွဲ့မှ မတရားပြုမှုသိမ်းယူခဲ့၍ စုပေါင်းတရားစွဲမှုကို ရုံးမှ အလျော်ပေးစေခဲ့သော်လည်း တန်သည်ထက် ၁၀ ဆခန့်နည်း၍ လယ်သမားများမှ မကျေနပ် အယူခံဖွယ်ရှိ၏။

**ဂျန်နဝါရီ ၉ I AP II II** နိုဝင်ဘာ ၄ တွင် နအဖမှအတည်ပြုခဲ့သည့် ဥပဒေအရ ၁၈ နှစ်နှင့် ၃၄ အရွယ်အမျိုးသားများနှင့် ၁၈ နှစ်မှ ၂၆ နှစ်အရွယ်အမျိုးသမီးများသည် စစ်မှုထမ်းရန်အခေါ်ခံရပါက ၂ နှစ်မထမ်းမနေရထမ်းဆောင်ရမည်။ မလိုက်နာက ထောင် ၅ နှစ်ကျနိုင်ကြောင်း။

**ဂျန်နဝါရီ ၉ I AP II II** မြန်မာသည် ၂၂ နှစ်အတွင်း ပထမဆုံးပါလီမံကို ဂျန်နဝါရီ ၃၁ တွင် စတင်ခေါ်ယူမည်။

**ဂျန်နဝါရီ ၉ I MANILA II II** မြန်မာပြည်ဒီမိုကရေစီပြန်လည်ထွန်းကားရေးအတွက် ဖိလစ်ပိုင်နိုင်ငံမှ အားသွန်ခွန်စိုက် ကြိုးပမ်းရန် အထက်လွှတ်တော်အမတ် Loren Legarda မှ ဖိလစ်ပိုင်အစိုးရသို့တောင်းဆို၏။

**ဂျန်နဝါရီ ၁၀ I Irrawaddy II II** မြန်မာဖက်မှပစ်သော ဒုံးကျည်များ ထိုင်းမြေဖက်သို့ကျခဲ့သဖြင့် ထိုင်းသည် နယ်ခြားစောင့်တပ်ဦးရေ တိုးထားနေကြောင်း။

**ဂျန်နဝါရီ ၁၀ I DVB II II** အနှိပ်စက်ခံရပြီး ထောင်ချခံရသူ ဘီးလင်းမှ လူသုံးဦး၏ မိသားစုများသည် သူတို့အပေါ်ချမှတ်ထားသော စီရင်ချက်များကို မကျေနပ်၍အယူခံမည်ဖြစ်ကြောင်း။ သူတို့နှင့်အတူအဖမ်းခံရသူ ကိုစံရွှေသည် အစစ်ဆေးခံရစဉ် သေဆုံးခဲ့၏။

**ဂျန်နဝါရီ ၁၀ I MANILA II II** အာဆီယံသည် မြန်မာနိုင်ငံဒီမိုကရေစီရရေးတွင် တက်ကြွစွာပါဝင်မည်ဟု မိမိယုံကြည်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဆိုကြောင်း သူမနှင့်ဆွေးနွေးခဲ့သူ အမတ် Loren Legarda မှဆို၏။

**ဂျန်နဝါရီ ၁၀ I SteelGuru II II** ဒိုင်းဂူးအင်တာနေရှင်နယ်သည် မြန်မာ့ပင်လယ်ပြင် A-1- A 3 ကမ်းလွန်ရေးနံလုပ်ငန်းကို ၂၀၁၃ မှ စတင်လုပ်ကိုင်နိုင်မည်။

**ဂျန်နဝါရီ ၁၁ I Irrawaddy II II** သာကေတရှိ ဘုန်းကြီးကျောင်း ၆၀ ကျော်အား ရွှေပြည်သာသို့ပြောင်းပို့ရန် စီစဉ်ထားကြောင်း။ တေဇနှင့် ယုဇနပိုင် ထူးကုမ္ပဏီမှ ပြုလုပ်မည့် ဆိပ်ကမ်းစီမံကိန်းအတွက် လမ်းရှင်းခြင်းဟု ယူဆရကြောင်း။

**ဂျန်နဝါရီ ၁၁ I Mizzima II II** နအဖ၏အရေးပေါ်လိုအပ်ဒေသတွင် မထမ်းမနေရစစ်မှုထမ်း ဥပဒေသစ်သည် နအဖနှင့် လက်နက်ကိုင်သူပုန်အဖွဲ့ များအကြား ပိုမိုတင်းမာလာနိုင်ဖွယ်ရှိ၏။

**ဂျန်နဝါရီ ၁၁ I The Asian Age II II** မဲဆောက်ဖက်တွင် နအဖတပ်နှင့် ဒီကေဘီအေတို့တိုက်ပွဲဆက်ဖြစ်နေရာ၊ ထိုင်းဖက်သို့ကျည် ၁၁ လုံးကျလာ၍ သေချာကြည့်ပစ်ရန် ထိုင်းမြန်မာနယ်းစပ်ကော်မတီ မှတဆင့် ထိုင်းအာဏာပိုင်များမှ နအဖတပ်သို့သတိပေးတောင်းဆို၏။

**ဂျန်နဝါရီ ၁၁ I ReliefWeb II II** အမေရိကန်အစိုးရသည် USAID မှ ဂီရိမုန်တိုင်းသို့ ဒေါ်လာ ၁.၅ သန်းထပ်မံလှူဒါန်းမည်။

**ဂျန်နဝါရီ ၁၁ I Irrawaddy II II** ဒီဇင်ဘာ ၂၈ ဆွေးနွေးပွဲရလဒ်အဖြစ် လူငယ်အဖွဲ့များ သတင်းဖလှယ်ညှိနှိုင်းလုပ်ဆောင်ဆက်သွယ်မှုပိုလုပ်လာကြောင်း။

**ဂျန်နဝါရီ ၁၁ I Rtrs II II** တရုတ်မှ ရေနံကုမ္ပဏီ CNPC နှင့် Qingdao ဆိပ်ကမ်းအုပ်စုသည် ကျောက်ဖြူ ကုန်တင်ကုန်ချ သိုလှောင်ဆိပ်ကမ်းသစ်အား ထိန်းသိမ်းရန် မူကြမ်းဆွဲနေ၏။

**ဂျန်နဝါရီ ၁၂ I Mizzima II II** NLD သည် ချင်းပြည်နယ် စားနပ်ရိက္ခာဘေးဆိုက်ဒေသများသို့ ဆံ ရေ စားနပ်ရိက္ခာ ရေပိုက်လိုင်းများ ကူညီမည်၊

**ဂျန်နဝါရီ ၁၂ I TelegraphII II II** အိန္ဒိယသံအမတ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂ ကြိမ်တွေ့ခဲ့ပြီးသော်လည်း နအဖနှင့်လက်တွဲဆောင်ရွက်ရေးများကိုလျှော့ဖွယ်မရှိသေးကြောင်း။

**ဂျန်နဝါရီ ၁၂ I TEXAS II II II** Texas ပြည်နယ်သည် ကြက်သားစက်ရုံအတွက် မြန်မာဒုက္ခသည်များကို Burma Connections တို့နှင့်ဆက်သွယ်ကာ ပြန်လည်နေရာချ၍ တချက်ခုတ် ၂ ချက်ပြတ် စဉ်းစားနေ၏။

**ဂျန်နဝါရီ ၁၃ I People's Daily II II II** ပထမအကြိမ် အာဆီယံသယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု AJTP ကို ရန်ကုန်တွင် ဂျန်နဝါရီ ၁၄ မှ စတင်ကျင်းပမည်။

**ဂျန်နဝါရီ ၁၃ I Irrawaddy II II** ဒေါ်အောင်ဆန်းစုကြည်လွှတ်လာပြီး AIDS ဒုက္ခသည်များနှင့်တွေ့ဆုံမှုများကြောင့် ကမ္ဘာမှပိုမိုစိတ်ဝင်စား ကူညီလာကြောင်း။

**ဂျန်နဝါရီ ၁၃ I Irrawaddy II II** ဗိုလ်ချုပ်မောင်အေးသည် နေပြည်တော်နေအိမ်မှ မကြာခင်ထွက်ခွာပေးရမည့်သတင်းများကိုထောက်လျှင် သူသည် လာမည့်အစိုးရသစ်တွင် တာဝန်ထမ်းဆောင်မည်မဟုတ်ဟု ကောက်ယူနိုင်ကြောင်း။

**ဂျန်နဝါရီ ၁၃ I Bernama II II** မြန်မာတွင် ပြည်သူပိုင်လုပ်ငန်း ၉၀ ရာနှုန်းကို ယခုနှစ် ပုဂ္ဂလိကသို့လွှဲပြောင်းမည်ဖြစ်ကြောင်း။

**ဂျန်နဝါရီ ၁၃ I DVB II II** နအဖတပ်သည် အကျဉ်းသား ၈၀၀ ခန့်အား ရှေ့တန်းတွင် လက်ထိပ်ခတ်၍ ပေါ်တာအဖြစ် သုံးနေကြောင်း ထွက်ပြေးလွတ်မြောက်လာသောပေါ်တာများမှ ဒီကေဘီအေသို့ ဆို၏။

**ဂျန်နဝါရီ ၁၃ I DVB II II** ကလေးမြို့တွင် ဘတ်စကားခပြန်လျှော့ချရန်အပါအဝင် ကျောင်းသား ၁၀၀၀ ခန့်ဆန္ဒပြတောင်းဆိုချက် ၃ ချက်ကို အာဏာပိုင်များမှ လိုက်လျောခဲ့၏။ ယခုအထိ အဖမ်းအဆီးမကြားရသေးကြောင်း။

**စာမျက်နှာ ၁၃ သို့**

# စုံစမ်းရေးကော်မရှင် ဖွဲ့စည်းရေး ထောက်ခံမှု ပိုမိုရရှိရေးဆော်ဩ

**RFA ၊ ဂျန်နဝါရီ ၁၄ ။ ။** မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှု တွေနဲ့ပတ်သက်လို့ ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်ဖွဲ့ရေး နိုင်ငံပေါင်း ၁၃ နိုင်ငံက အပြည့်အဝ ထောက်ခံထားပေမဲ့ နောက်ထပ် နိုင်ငံတွေပါ ဝိုင်းဝန်းပံ့ပိုးဖို့လိုတယ်လို့ ဗြိတိန်အခြေစိုက် Burma Campaign UK အဖွဲ့က တိုက်တွန်းလိုက်ပါတယ်။ လက်ရှိ အခြေအနေမှာဆိုရင် မြန်မာနိုင်ငံက လူ့အခွင့်အရေးဟာ ပိုပြီးဆိုးရွားလာတယ်လို့ အဖွဲ့ရဲ့ ပြောခွင့်ရ မဇိုရာဖန်းက ဆိုပါတယ်။

ကရင်အမျိုးသမီး မဇိုယာဖန်းသည် ဗြိတိန်အခြေစိုက် Burma Campaign (UK) တွင် တက်ကြွစွာလှုပ်ရှားနေပါသည်။ သူသည် လုပ်ကြံခံလိုက်ရသော ကရင်အမျိုးသား အစည်းအရုံး (KNU) အတွင်းရေးမှူး ပဒိုမန်းရှာ၏ သမီးလည်းဖြစ်သည်။ သူက အခုလိုပြော ဆိုပါတယ်။

"နအဖ စစ်အာဏာရှင်တွေလုပ်နေတဲ့ ရွေးကောက်ပွဲ ပြီးကတည်းကပေါ့နော်၊ အခုထက်ထိ လူ့အခွင့်အရေးချိုးဖောက်မှုက သူတို့စစ်တပ်ဖက်က ဆက်ပြီးတော့လုပ်နေတာဖြစ်ပါတယ်။ ခုထက်ထိ တိုးတက်မှုမရှိသေးဘူးပေါ့နော်။"

"ဥပမာဆိုရင် အခုမြန်မာနိုင်ငံ အရှေ့ပိုင်းမှာဖြစ်နေတဲ့ တိုင်းရင်းသားနယ်မြေတွေမှာဆိုရင်လည်း တိုင်းရင်းသား လူမျိုးစုတွေကို တိုက်ခိုက်တုန်းပဲပေ့ါနော်။ ပြီးတော့ အပစ်အခတ်ရပ်စဲရေးယူထားတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီကိုလည်း သူတို့ pressure တွေပေးပြီးတော့ နယ်ခြားစောင့်တပ်အဖြစ် သူတို့ pressure ပေးတယ်လေ။ အဲဒါ သူတို့လုပ်ဖို့ အဲဒါကြောင့် အခုထက်ထိ တိုက်ပွဲတွေ ရှိနေတယ်ပေ့ါနော်။"

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားကလည်း လူသားမျိုးနွယ်စုအပေါ်ရာဇဝတ်ကျူးလွန်မှု၊ စစ်ရာဇဝတ်မှုတွေမြန်မာနိုင်ငံမှာရှိနေတာကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး အရေးယူဖို့အဆိုပြုထားပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ၁၅ ဦး၊ နိုင်ငံတကာ ကုန်သွယ်ရေးသမဂ္ဂနဲ့ ဥရောပပါလီမန်ကလည်း ဒီအဆိုပြုချက်ကို ထောက်ခံထားပါတယ်။ ဒီထက်မက နိုင်ငံတကာအသိုင်းအဝိုင်းက ပိုပြီး ထောက်ခံလာအောင် ဆောင်ရွက်သွားမယ်လို့ မဇိုရာဖန်းက ပြောပါတယ်။

"ဒီနေ့ပဲပေ့ါနော်၊ ကျွန်မတို့ Burma Campaign UK က အစီရင်ခံစာအကျဉ်းချုပ်ပေ့ါနော်၊ ကျွန်မတို့ တခုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအ စီရင်ခံစာထဲမှာတော့ အဓိကအားဖြင့် အခုလက်ရှိလှုပ်ရှားနေတဲ့ UN ကနေတဆင့်ပေ့ါနော်၊ စုံစမ်းစစ်ဆေးရေး ကော်မရှင်တခု ရနိုင်ဖို့အတွက် အဲဒါ အဲဒီအကြောင်း ဖော်ပြတာ ဖြစ်ပါတယ်။ အီးယူတခုလုံးအနေနဲ့တော့ထောက်ခံမှုမရှိသေးဘူး။အဲဒါကြောင့် Burma Campaign UK အနေနဲ့ပေ့ါနော်၊ ကျွန်မတို့ အီးယူတခုလုံး ထောက်ခံလာဖို့အတွက် ကျွန်မတို့ ဆက်လက်ပြီးတော့ လှုပ်ရှားသွားမှာ ဖြစ်ပါတယ်။"

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့က ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်တဲ့ မြန်မာ့အရေး ဆုံးဖြတ်ချက်မှာလည်း တရားမဝင် ဖမ်းဆီးထိန်းသိမ်းထားမှု၊ ပျောက်ဆုံးမှု၊ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ညှဉ်းပမ်းနှိပ်စက်မှုအပါအဝင် လူ့အခွင့် အရေးချိုးဖောက်ခံရမှုတွေနဲ့ ပတ်သက်လို့ မြန်မာအစိုးရအနေနဲ့တာဝန်ယူစုံစမ်းစစ်ဆေးဖို့ ဖော်ပြထားပါတယ်။

ဒါအပြင် စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်ကျူးလွန်မှုတွေ ဖြစ်နိုင်ခြေရှိတယ်လို့လည်းရေးသားထားပါတယ်။ ဒီအချက်ဟာ စစ်အစိုးရကိုယ်တိုင် စုံစမ်းမဖော်ထုတ်နိုင်ဘူးဆိုရင် ကုလသမဂ္ဂက ကြားဝင်လိမ့်မယ်ဆိုတာကိုလည်း သတိပေးလိုက်တာပဲ ဖြစ်တယ်လို့ Burma Campaign UK ရဲ့ သတင်းထုတ်ပြန်ချက်က ဆိုပါတယ်။

**စာမျက်နှာ ၈ မှ**

နက်တပ်ဆင်မှုတွေက လျှော့လို့မရပဲ တိုးပြီးရင်းသာ တိုးနေရပါတယ်။ စစ်လည်းမဟုတ်ငြိမ်းချမ်းရေးလည်းမဟုတ်တဲ့အနေအထားမှာညူးကလီးယားလက်နက်တောင်ရှာဖွေတယ်ဆိုတဲ့အဆင့်ရောက်လာပါတယ်။ တကယ်ကျတော့ ဒီစစ်တပ်ဟာ ပြည်တွင်းစစ်ကို တမင်မွေးထားပြီး ဒါကို လက်ညှိုးထိုး ပြ၊ ဒါနဲ့လုပ်စား၊ ဒါနဲ့ အာဏာထိန်းနေကြတာဖြစ်ပါတယ်။

လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်လို့ ရလျက်နဲ့ မရပ်တာအပြင် တိုက်ပစ်လိုက်ရင် ရနိုင်လျက်နဲ့တောင် မတိုက် ပဲမွေး ထားတာတွေ ရှိပါတယ်။ စစ်အုပ်စုထိပ်သီးတွေဟာ ဒီလိုစစ်ပွဲတွေထဲမှာ ပြည်သူတွေကို သတ်ဖြတ်နေရုံမကမသိနားမလည်တဲ့ စစ်သားလေးတွေကိုလည်း စတေးနေပါတယ်။ ပြောရရင် တိုင်းပြည်တပြည်မှာ ပြည်တွင်းငြိမ်း ချမ်းရေးဆိုတာဟာ ဒီမိုကရေစီ၊ အမျိုးသားစည်လုံးညီညွတ်ရေးတို့နဲ့ တိုက်ရိုက် ဆက်စပ်နေပြီးလွတ်လပ်ရေး ဒီဘက်မှာ တခါမှ မခံစားရသေးတဲ့၊ နိုင်ငံသားတိုင်း အင်မတန်တောင့်တောင့်တတရှိတဲ့ အရေးကိစ္စကြီး ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးဟာ ခေါင်းနဲ့ပန်းလို ဆက်စပ်နေပါတယ်။နိုင်ငံတခုမှာ ငြိမ်းချမ်းရေး မရှိရင်ဒီမိုကရေစီ အပြည့်အဝရှိတယ်လို့ မဆိုနိုင်သလို ဒီမိုကရေစီအခွင့်အရေးတွေ၊ လူမျိုးစုအခွင့်အရေးတွေကို ချိုးနှိမ်လွန်းရင်လဲ ပြည်တွင်းစစ် ဖြစ်တတ်ပါတယ်။

ပြည်တွင်းစစ်ဖြစ်တယ် ဆိုတာဟာ အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားမှု အဆိုးဝါးဆုံးအဆင့်ကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ဒါတွေကြောင့် ဒီတခါ ရွေးကောက်ပွဲပြီးသွားရင် နိုင်ငံရေးအင်အားစုတွေဟာ တခြားကြွေးကြော်သံတွေအပြင် ငြိမ်းချမ်းရေး ကြွေးကြော်သံကိုလည်း မြှင့်တင်ရမယ့် အခြေအနေ ဖြစ်ပါတယ်။ပြည်တွင်းစစ်ဟာ ကိုယ့်ရပ်ကိုယ့်ရွာမှာ ဖြစ်နေတာမဟုတ်ပေမဲ့လည်း ကိုယ့်တိုင်းပြည်ထဲမှာဖြစ်နေတာမို့ ကိုယ့်ကိုယ်လည်းထိခိုက်တယ်ဆိုတဲ့ အသိကို ဖြန့်ဖြူးရပါမယ်။ပြည်တွင်းစစ် - ပြည်တွင်းငြိမ်းချမ်းရေးပြဿနာဟာ ပါတီအဖွဲ့အစည်းတခု၊ တိုင်းရင်းသားတခုရဲ့ပြဿနာ မဟုတ်ပဲ တမျိုးသားလုံးနဲ့သက်ဆိုင်တယ်ဆိုတဲ့အသိကို ဖြန့်ဖြူးကြရပါမယ်။ နောက်တက်တဲ့အစိုးရဟာ နအဖတဖြစ်လဲ အစိုးရဟုတ်မဟုတ်ဆိုတာကို ဒီအချက်ကလည်း အချက်တခုအဖြစ် ဖော်ပြမှာ သေချာပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ကလေးမြို့မှကျောင်းသားအရေးဆိုပွဲ

စစ်ကိုင်းတိုင်းကလေးမြို့မှာရှိတဲ့ကျောင်းသားတထောင်နီးပါးဟာ ဘတ်စ်ကားက ၂ ဆတိုးကာ ကျပ် ၂၀၀ ဖြစ်သွားတာကို မူလဈေး ၁၀၀ အဖြစ်ပြန်လျှော့ချပေးဖို့ဇန်နဝါရီ ၁၁ ရက်နေ့က ဆန္ဒပြအရေးဆိုခဲ့ရာ အာဏာပိုင်တွေကလိုက်လျောခဲ့တယ်လို့သိရပါတယ်။ ဖမ်းဆီးမှုတွေရှိမရှိဆိုတာတော့ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။ (DVB, 13.1. 2011)

## ကရင်ပြည်နယ်တွင်းနအဖထိုးစစ်ပြင်းမည်

နအဖစစ်တပ်ဟာ ကရင်ပြည်နယ်တွင်းရှိ ဒီကေဘီအေတပ်ဖွဲ့တွေက သိမ်းပိုက်ထားတဲ့နေရာတွေကို ပြန်လည်သိမ်းပိုက် နိုင်ဖို့ အင်အားဖြည့်တင်းချထားမှုတွေလုပ်နေတယ်လို့သိရပါတယ်။ တိုက်ပွဲတွေလည်း ဖြစ်ပွားတာတွေရှိနေပြီး ကရင် တိုင်းရင်းသားဒုကသည်တွေလည်း ထိုင်းနိုင်ငံတွင်း ထွက်ပြေးဝင်ရောက်ခဲ့ကြပါတယ်။ (THAI, ASEAN NEWS NETWORK, 13.1.2011)

## နိုင်ငံရေးအကျဉ်းသားများ

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၂၁၈၉ ဦးရှိတယ်လို့ နိုင်ငံရေးအကျဉ်းသားများစောင့်ရှောက်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒီဇင်ဘာလအတွင်းလွတ်မြောက်လာတဲ့နိုင်ငံရေး အကျဉ်းသား ၁၆ ဦးရှိခဲ့တာဟာ တိုးတက်မှုတခုဖြစ်တယ်လို့ဆိုပါတယ်။ ဒါပေမဲ့လည်း မြန်မာနိုင်ငံတွင်းအခြေအနေကို သတင်းမီဒီယာတွေထံပေးပို့ခဲ့လို့ လူ ၅ ဦးဟာ ဒီဇင်ဘာလအတွင်းမှာ ဖမ်းဆီးခံ ခဲ့ရပါတယ်။ (SCOOP, 13.1.2011)

## မဲဆောက်တပိုက်မှ စစ်ပြေးဒုကသည်များ

ကရင်လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ နအဖတို့အကြား တိုက်ပွဲတွေ ဖြစ်ပွားနေတာကြောင့် ထွက်ပြေးခဲ့ကြရတဲ့ ကရင်တိုင်းရင်းသားပြည်သူတွေဟာ မဲဆောက်တပိုက်မှာ ပုန်းအောင်းခိုလှုံနေကြရပါတယ်။ အကြောင်းကတော့ ထိုင်းအာဏာပိုင်တွေက ဖမ်းဆီးပြီးမြန်မာနိုင်ငံဘက်အခြမ်းကိုပြန်ပို့မှာကိုစိုးရိမ်တဲ့အတွက်ဖြစ်ပါတယ်။ ထွက်ပြေးခိုလှုံခဲ့သူ ၅၀၀၀ ကနေ ၇၀၀၀ ကြားရှိပြီး အများစုမှာ အမျိုးသမီးတွေဖြစ်ပါတယ်။ (ALARTNET, 10.1.2011

## မြန်မာပြည်တွင်းမဝင်ကြရန်သတိပေး

ထိုင်းနိုင်ငံရေးပါတီတခုမှ အမတ်လောင်းတဦးဟာ နယ်စပ်ဂိတ်ကိုဖြတ်ကျော်ပြီး မြန်မာနိုင်ငံထဲဝင်ရောက်ခဲ့ပြီးနောက် ဒီကေဘီအေတပ်ဖွဲ့ဝင်တွေရဲ့ဖမ်းဆီးတာကိုခံခဲ့ရပါတယ်။ ထိုင်းအာဏာပိုင်တွေနဲ့ ဈေးစပ်ညှိနှိုင်းမှုတွေလုပ်နိုင်ခဲ့ပြီး ပြန်လွတ်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့တပ်မ်ခရိုင်အုပ်ချုပ်ရေးမှူးက ထိုင်းနိုင်ငံသားများအနေနဲ့ တပ်မ်ခရိုင်တွင်းရှိ ဘယ်နယ်စပ်ဖြတ်ကျော်ရေးစခန်းကနေကမှမြန်မာနိုင်ငံတွင်းဝင်ရောက်ခြင်းမပြုကြဖို့သတိပေးထားပါတယ်။ (BERNAMA, 12.1.2011)

## လူသားမိုင်းရှင်းကိရိယာ

နအဖစစ်သားတွေလက်ထဲကနေ ထွက်ပြေးလာတဲ့ အကျဉ်းသား ၃ ဦးက အကျဉ်းသား ၆၀၀ လောက်ကို လူသားမိုင်းရှင်းကိရိယာအဖြစ် နအဖစစ်တပ်က သုံးစွဲတယ်လို့ဆိုပါတယ်။ ထောင်ဝန်ထမ်းတွေကိုလာဘ်မထိုးနိုင်တဲ့အကျဉ်းသားတွေဟာ စစ်တပ်အတွက် အထမ်းသမားလုပ်ရမယ်ဆိုပြီးစေလွှတ်ခံရကြောင်းနဲ့ ထိုင်းနယ်စပ်အနီးမှာ မိုင်းရှင်းတဲ့အနေနဲ့ ရှေ့ကနေသွားကြရတယ်လို့ဆိုပါတယ်။ မိုင်းနင်းမိပြီး ဒဏ်ရာရသေဆုံးသူတွေရှိတယ်လို့လည်းပြောဆိုပါတယ် (NEW KERALA, 14.1.2011)

## မောင်အေးကောလာဟလ

နအဖဒုတိယအကြီးအကဲ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးဟာ နအဖလွှတ်တော်ပေါ်လာပြီးနောက် အစိုးရအဖွဲ့ထဲမှာ ပါဝင်လိုခြင်းမရှိတာကြောင့် လက်ရှိနေနေတဲ့ အိမ်ကနေပြောင်းဖို့ပြင်ဆင်နေတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်နေပါတယ်။ ဒီအတောအတွင်းဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်က ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာမယ်၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်လာမယ်ဆိုတဲ့ သတင်းတွေလည်းထွက်ပေါ်နေတယ်လို့သိရပါတယ်။ (IRRAWADDY, 13.1.2011)

## ကြံ့ဖွံ့ပါတီ ဘာသာရေးအဖွဲ့ဖွဲ့

စစ်အစိုးရရဲ့ပါတီ ကြံ့ဖွံ့က သာသနာ့နဂ္ဂဟအမည်ရှိ ဘာသာရေးအဖွဲ့တဖွဲ့ကို ထူထောင်လိုက်တယ်လို့ သိရပါတယ်။ခေါင်းဆောင်ကဇေကမ္ဘာဦးခင်ရွှေဖြစ်ပြီး ဆင်းရဲသားမြန်မာပြည်သား တွေကိုတခြားဘာသာတွေထဲ စည်းရုံးသိမ်းသွင်းမခံရဖို့အတွက် လို့ဆိုပါတယ်၊ဒီလိုလုပ်တာဟာ နိုင်ငံ့အကြီးအကဲတွေရဲ့လမ်းညွှန်ချက်အရဖြစ်တယ်လို့ ပြည်တွင်းသတင်းထောက်တွေကိုပြောပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံရေးပါတီတွေဟာ ဘာသာရေးနဲ့ရောယှက်ခြင်းမပြုရဘူးလို့ပြဌာန်းထားပါတယ်။ (IRRAWADDY, 13.1.2011)

# စစ်မှုထမ်းဥပဒေကို ပါလီမန်မှာ ဆွေးနွေးသုံးသပ်သင့်ဟု ရခိုင်နှင့်မွန်ပါတီတို့ ပြော

**DVB | ဂျန်နဝါရီ ၁၁ ။** ။ ၃၁ ရက်နေ့မှာ ခေါ်ယူမယ့် ပါလီမန်သစ်နဲ့ လူတိုင်း စစ်မှုထမ်းရမယ့်ဆိုတဲ့ ဥပဒေသစ်အပေါ် ရွေးကောက်ပွဲမှာ အမတ်နေရာ အနည်းအကျဉ်းအနိုင်ရခဲ့တဲ့ ရခိုင်နဲ့မွန်ပါတီတို့ရဲ့အမြင်ကို ကိုထက်အောင်ကျော်က မေးမြန်းထားပါတယ်။ နိုဝင်ဘာ ၇ ရက်ရွေးကောက်ပွဲမှာ အမတ်နေရာ ၃၅ ဦးအနိုင်ရထားတဲ့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနဲ့ ၁၆ ဦးအနိုင်ရထားတဲ့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့ဟာ ၃၁ ရက်နေ့မှာ ကျင်းပမဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တွေဆီ တက်နိုင်ဖို့ ပြင်ဆင်နေကြပြီဖြစ်ပါတယ်။

တချိန်တည်းမှာပဲ သူတို့ပါတီက အနိုင်ရကိုယ်စားလှယ် ၉ ဦးကို ကြံ့ခိုင်ရေးပါတီက တရားစွဲထားတဲ့အတွက် စိတ်အနှောင့်ယှက်ဖြစ်နေရတယ်လို့ ရခိုင်ပါတီ ဥက္ကဋ္ဌဒေါက်တာအေးမောင်က ပြောပါတယ်။

“ပြည်နယ်နဲ့ပတ်သက်တဲ့ ပါလီမန်အဆောက်အဦက ကျနော်တိုစည်ပင်သာယာရေးရဲ့ မြို့တော်ခန်းမမှာလုပ်မယ်လို့ ကြားပါတယ်။ ပြင်ဆင်နေကြတာတွေ့ပါတယ်။ တရားဝင်တော့ သတင်းမရရှိသေးပါဘူး။ အမျိုးသားလွှတ်တော် ၇ ဦး ကျနော်တို့နိုင်ထားပါတယ်။ ပြည်သူ့လွှတ်တော် ၉ ဦးနိုင်ထားပါတယ်။ တိုင်းဒေသကြီး ရခိုင်ပြည်နယ်ထဲမှာ ၁၈ ဦးပါ။ နောက် ရန်ကုန်တိုင်းမှာ တိုင်းရင်းသားရေးရာ တနေရာမှာ နိုင်ထားပါတယ်။ ကျနော်တို့ကတော့ပါတီတွင်း ဆွေးနွေးညှိနှိုင်းတာတွေရှိပါတယ်။ ဒါပေမယ့် စွဲချက်တင်တဲ့ကိစ္စအလေးပေးသလိုဖြစ်သွားရတာပေ့ါ။ ဒါပေမယ့် ၅၊ ၆ လောက်မှာလေ။ ကျနော်တို့ ရန်ကုန်မှာ ပြန်ဆုံပြီးမှ ၃၁ ရက်နေ့နဲ့ ပတ်သက်တဲ့ဥစ္စာတွေကို နေပြည်တော်သွားမယ့် အုပ်စုက ဆွေးနွေးဖို့ရှိပါတယ်။ တရားစွဲခံနေရသူ ၉ ဦးရဲ့အမည်နဲ့ တာဝန်တွေကတော့ ရသေ့တောင်မြို့နယ်မှ ဦးလှမောင်သိန်း၊ ပေါက်တောမြို့နယ်မှဦးကျော်ထွန်းအောင်၊အောင်ကျော်ဇံနဲ့ဦးမောင်ကျော်သိန်း၊ကျောက်ဖြူမြို့နယ်မှ ဦးအုန်းတင်၊ ဦးကျော်လွင်၊ မြေပုံမြို့နယ်မှ ဦးဖေသန်း၊ ဦးအောင်ဝင်းနဲ့ ဦးမောင်လွန်းတို့ပါပြီး ပထမအမှုကို ဒီလ ၁၇ ရက်နေ့ နေပြည်တော်မှာ စတင်ကြားနာဖို့ရှိနေပါတယ်။ အခုချိန်ထိရထားတဲ့စာရင်းတွေအရ ကြံ့ခိုင်ရေးကနေ တရားစွဲထားတဲ့ ပါတီတွေထဲမှာ ရခိုင်ပါတီဟာ အမတ် ၉ ဦးနဲ့ အများဆုံးဖြစ်နေပြီး တစည်ပါတီမှ ၈ ဦး၊ ရှမ်းပါတီမှ ၂ ဦး၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ၂ ဦး၊ ဒီမိုကရက်တစ်ပါတီ မြန်မာမှ တဦး၊ အင်းအမျိုးသားပါတီမှ တဦးတို့ရှိတယ်လို့သိထားရပါတယ်။ ကြံ့ခိုင်ရေးကို ပြန်တရားစွဲထားတဲ့ ပါတီတွေကတော့ ဒီမိုကရက်တစ်ပါတီ မြန်မာမှတဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုမှ အနည်းဆုံးတဦး၊ ရှမ်းပါတီမှတဦး၊ တသီးပုဂ္ဂလတဦး ရှိနေပြီလို့ သိထားရပြီး ဒီတရားစွဲမှုတွေဟာ ရွေးကောက်ပွဲ ၂ လပြည့်တဲ့ ဒီလ ၁၀ ရက်နေမှာ စာရင်းပိတ်မှာဖြစ်ပါတယ်။”

ရခိုင်နဲ့ ရှမ်းအပါဝင် တခြားပါတီတွေ အခုလို အပြန် အလှန်တရားစွဲမှုတွေရှိနေပေမယ့် မွန်ပါတီဥက္ကဋ္ဌ နိုင်ငွေသိန်းကတော့ သူတို့ပါတီကို ကြံ့ခိုင်ရေးက တရားစွဲတာမရှိသလို သူတို့ပါတီကလည်း ပြန်စွဲတာမရှိဘူးလို့ပြောပါတယ်။ ပါလီမန်အတွက် ဘာတွေပြင်ထားသလဲဆိုတဲ့ အမေးကိုတော့ သူကအခုလိုပြောပါတယ်။

“၃၁ ရက်နေ့မှာ လွှတ်တော်တက်ဖို့အတွက် နည်းနည်းတော့ လှုပ်ဆော်နေကြတာပေ့ါ။ အားလုံး အမျိုးမျိုးပြင်ဆင်ထားတာပေ့ါ၊ ဝေါ့ရှော့တွေလုပ်တယ်။ စီမီနာတွေလုပ်တယ်။ ဟောပြောပွဲတွေလုပ်တယ်။ ပြီးတော့အခြေခံဥပဒေနဲ့ ပတ်သက်တာဆွေးနွေးပွဲတွေလုပ်တယ် အားလုံး ၇ ရက် လောက်ကြာသွားပါတယ်။ ပြီးတော့ ပြီးသွားပါပြီ။ အခုလည်း ဒီနှစ်ရက် သုံးရက်အချိန်ရရင် ပြန်လုပ်မယ်လေ၊ မသွားခင်မှာ။ ၃၁ ရက်နေ့မှာ နေပြည်တော်လည်း သွားရမယ်။ မွန်ပြည်နယ်မှာလည်း တက်ရမယ်ဆိုတော့ ကျနော်က ပြင်ဆင်တုန်းပေ့ါ။ ဒါပေမယ့် မသွားခင်တပတ်လောက် ကျနော်တို့ ကိုယ်စားလှယ် တွေသုံးလေးယောက်တော့ ပြန်တွေ့လိုက်ကြဦးမှာပဲ။ သီးသန့်တော့မရှိဘူး။”

၁၆ ဦးအနိုင်ရထားတဲ့အထဲက ပြည်ထောင်စုလွှတ်တော်ကို ၇ ဦး၊ မွန်ပြည်နယ်အတွက် ၇ ဦးနဲ့ ကရင်ပြည်နယ်အတွက် ၂ ဦးသွားရမယ်လို့ ဆိုပါတယ်။ တခြားပါတီတွေကလည်း အလားတူပြင်ဆင်မှုတွေလုပ်နေတယ်လို့ သိရပါတယ်။ ပါတီတွေက ဥပဒေပြုရေးအတွက် အခုမှပြင်ဆင်နေဆဲဖြစ်ပေမယ့် နအဖကတော့ ပါလီမန်မခေါ်ခင်ကတည်းက အရေးကြီးတဲ့ ဥပဒေတခုကို ပြန်ဌာန်းလိုက်ပါတယ်။ အဲဒါကတော့ အသက် ၁၈ နှစ်နဲ့ ၄၅ နှစ်ကြား အမျိုးသားတိုင်းနဲ့ ၃၅ နှစ်ကြား အမျိုးသမီးတိုင်း စစ်မှုထမ်းရမယ်ဆိုတဲ့ ဥပဒေဖြစ်ပါတယ်။ ပါလီမန်မခေါ်ခင်မှာ လူပြောများနေတဲ့ ဒီဥပဒေအပေါ် ဘယ်လိုမြင်သလဲ။ ပါလီမန်ရောက်ရင် ဒီဥပဒေကို ပြန်လည်သုံးသပ်ခွင့်ရနိုင်မယ်လို့ မျှော်လင့်ထားသလားဆိုတဲ့အမေးကိုတော့ သူတို့ ၂ ဦးက အခုလို ဖြေကြားပါတယ်။

“ဒီလို ပြဋ္ဌာန်းလိုက်တယ်ဆိုတာက အကောင်အထည်ဖော်ဖို့တော့ အခက်အခဲရှိမယ်လို့ ထင်တာပဲ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားနဲ့ စစ်ဖြစ်ရင် အိုကေပေ့ါ မဝင်မနေရဆိုရင်။ အခုက ကျနော်ထင်တာက အချင်းချင်းပဲ တိုက်မယ့်သဘောပဲရှိမှာပါ။ မွန်ပြည်နယ်မှာဆိုရင် ၁၈ နှစ်ပြည့်တာနဲ့အကုန်လုံး ထိုင်းရောက်ကုန်ပြီ သန်းနဲ့ချီတာပဲ။ အခု စစ်သားထဲဝင်တာက အညာကကောင်လေးတွေပဲများပါတယ်။ ကျနော့်ဆီက စစ်သားထဲဝင်တာကမရှိပါဘူး။ ဗိုလ်တွေတော့ရှိတာပေ့ါ။ ဗိုလ်သင်တန်းတက်တဲ့ကလေးတွေ ဆယ်တန်းအောင်ပြီး ဘာညာဘွဲ့ရတာတွေ ရှိတော့ရှိတာပေ့ါ။ ကျနော်တို့ရွာမှာ ဆိုရင် အိမ်မှာသွားကြည့်ရင်တော့ အဘိုးကြီး အဘွားကြီး ကလေးတွေပဲရှိတယ်။ ကျန်တဲ့လူလတ်ပိုင်း အကုန်လုံးဟိုမှာကြီးပဲများတယ်။ကျနော်တို့မှာလည်းပဲ နည်းနည်းစားနိုင် သောက်နိုင်တဲ့ အနေအထားရှိကြတာကိုး။“

“အဲ့ဒါတွေလည်း ကျနော်တို့မဖတ်ရသေးပါဘူး။ ဒါပေမယ့် ပြည်သူ့စစ်မဟာဗျူဟာအရဆိုရင် စစ်သားအင်အားစုဆောင်းတာတို့ပြည်တွင်းစစ်မဟုတ်ပေမယ့်လို့ ပြည်ပရန်ကာကွယ်မယ့် ကာလမျိုးမှာလိုအပ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတိုင်းမှာလည်း အဲ့လိုမျိုး စစ်မှုမထမ်းမနေရ ဥပဒေရှိတယ်လို့ကျနော်တို့ ကြားဖူးပါတယ်။ ကျနော်တို့လည်း ကာလတခုမှာတော့ကြုံဆိုရမယ့် သဘောပါ။ ဒါပေမယ့် အခုကာလမှာတော့ ပြည်တွင်းစစ်ကြီးရှိနေတာကိုး။ အဲ့တော့ ပြည်တွင်းစစ်ကြီးကို ကျနော်ထင်ပါတယ် လာမယ့် ၅ နှစ်ပေ့ါနော်၊ ပါလီမန်မှာ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေလည်းပါမယ်။ ပြည်ထောင်စုကြီးဟာ ကာလတခု ပင်ပန်းနေပြီလေ။ ငြိမ်းချမ်းရေးက အမြန်လိုအပ်ပြီ။ ငြိမ်းချမ်းရေးရမှပဲ ဖွံ့ဖြိုးမှုလမ်းစကို လှမ်းနိုင်မယ်ဆိုတဲ့ အမြင်နဲ့လေ။ အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တဲ့ လမ်းကြောင်းတွေ လျှောက်မယ်ဆိုရင် ပြည်တွင်းစစ်ကြီးကတော့ ကျနော်ထင်တာလေ ကြားကာလလေးတခုမှာ ငြိမ်းချမ်းသွားနိုင်ပါတယ်။”

“ငြိမ်းချမ်းတဲ့ အပေးအယူရှိရင် ကျနော်တို့ ညှိလို့ရပါတယ်။ရင်ကြားစေ့တဲ့လမ်းကြောင်းကိုသွားမယ်ဆိုရင် ပြည်တွင်းစစ်က ငြိမ်းမယ်ဆိုရင်ပြည်ပရန်ကာကွယ်မယ့် လုပ်ငန်းရှိလာမယ်ဆိုရင်လေ ခုနလို အရန်စစ်သားစုဆောင်းတာတို့၊ စစ်မှုမထမ်းမနေရ ဥပဒေဆိုတာလည်း ရှိကောင်း ရှိလာမှာဖြစ်သလို ကျနော်တို့ ပြည်တွင်းမှာရှိတဲ့ ပြည်တွင်းတပ်အင်အားကိုလည်း လျှော့သင့်ရင် လျှော့ရမှာပေ့ါ။ အဲ့ဒါမျိုးတွေနဲ့ အပေးအယူလုပ်နိုင်မယ်ဆိုရင်တော့ ကာလတခုမှာ လက်ခံနိုင်စရာရှိပါတယ်။ ဒါပေမယ့်ချက်ချင်းကြီးဆိုရင် ဥပဒေတချို့ကိုတော့ ပါလီမန်ထဲမှာ ဆွေးနွေးတာတို့ ညှိနှိုင်းတာတို့က လောလောဆယ်တော့ လိုကောင်းလိုလာပါလိမ့်မယ်။ ”

# ဒေါ်အောင်ဆန်းစုကြည်ကို ဒေါက်တာနေဝင်းမောင်သွားရောက်ဆွေးနွေး

**DVB ။ ဂျန်နဝါရီ ၁၁ ။** ။ Myanmar Egress အတွင်းရေးမှူး ဒေါက်တာနေဝင်းမောင်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ မနေ့က တွေ့ဆုံမှုအကြောင်း ဒေါက်တာနေဝင်းမောင်ကို ကိုသန်းဝင်းထွတ်က မေးမြန်းထားပါတယ်။

"အတိုချုပ်ပြောရင်တော့ ကျနော့်စာတွေထဲမှာ ရေးနေတဲ့အယူအဆတွေကိုပဲ အန်တီကိုပြောတယ်။ အန်တီက ကျနော့်ကို သဘောထားကြီးစွာ နားထောင်ပေးပြီး ပြန်လာခဲ့တယ် တနာရီကြာတယ်၊ ဒါပါပဲခင်ဗျ။ ကျနော်တို့တွေ့တာက မြန်မာအီးဂရက်ရဲ့ကြေညာချက်မှာ နားလည်ပေးရန်ခက်ခဲသော၊ လွန်စွာ ပွင့်လင်းသော အဆိုပြုချက်ဆိုတာမျိုးတွေ၊ ဆိုလိုတာကလူဆဲများတဲ့ဟာတွေ ပေါ့လေ။ ကျနော်ရေးထားတဲ့ဆောင်းပါးထဲမှာ ရေးရင် သူများ ဆဲကြတာကိုး။ ဆဲတဲ့ဟာတွေသွားပြောတယ်။ အန်တီကကျနော့်ကို ဆဲမလွှတ်လိုက်ဘူး၊ ကျနော်ဒါကို ဆိုလိုတာပါခင်ဗျ။"

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နားလည်ပေးရန် မခက်ဘူးဆိုလိုတဲ့ သဘောလား။

"ဟုတ်ကဲ့ခင်ဗျ။"

ဒေါ်အောင်ဆန်းစုကြည်က ဘာတွေများ ပြန်ဆွေးနွေးတာရှိသေးလဲ။

"သာမန်လူတွေ ပြန်ပြောရင် ကျနော့်ကိုဆဲတယ်။ ကျနော် ဟိုမှာသွားပြောတော့ အန်တီက ကျနော့်ကို ပြုံးပြီးနားထောင်နေတယ်။ မောင်းမထုတ်လိုက်ဘူး၊ ဒါကို ဆိုလိုတာပါခင်ဗျ။ "

တိတိကျကျပြောလို့ရှိရင် ဘယ်အကြောင်းအရာတွေလဲခင်ဗျ။

"နိုင်ငံရေးနဲ့ပဲ ပတ်သက်ပါတယ်ခင်ဗျ။ ရွေးကောက်ပွဲတော့မဟုတ်ဘူး။ နိုင်ငံရေးအရဖြစ်နိုင်ခြေတွေပေါ့လေ။"

ဖြစ်နိုင်ခြေ တခုခုလောက် နမူနာလေး ပြောလို့ရမလားခင်ဗျ။

"ဆရာ နေဝင်းမောင်စာတွေ မဖတ်ဖူးတဲ့ ပရိသတ်အတွက်ပေါ့နော်။ ဥပမာ။ ရောဝတီမှာဖော်ပြခံရတဲ့ တဝက်သာဝင်ပြိုင်ပြီးတော့ ကျမ တဝက်လောက်သာဝင်ပြိုင်ပါ့မယ် ကျမအတိုက်အခံလုပ်မယ်။ ရွေးကောက်ပွဲရလဒ်ကို တရားမျှတအောင်နဲ့ လွတ်လပ်ပြီး တရားမျှတအောင် တောင်းခဲ့ပါ။ ကျနော် ဒီလိုရည်ရွယ်ချက်မျိုးနဲ့ ပြောပါတယ်ခင်ဗျ။ ဒါမျိုးကို ပြောတာပေါ့လေ။"

ရွေးကောက်ပွဲရလဒ်နဲ့ရော ဆွေးနွေးဖြစ်သေးလားခင်ဗျ။

"မဆွေးနွေးပါဘူးခင်ဗျ။ မြန်မာ အီးဂရက် လုပ်ငန်း ဆောင်တာတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပူးပေါင်းဆောင်ရွက် စရာတွေရောဆရာနေဝင်းမောင်ဘက်က ဘာတွေများ အဆိုပြုထားတာတွေရှိလဲ။

"ကျနော်တို့ ဘာလုပ်နေတာတော့ ပြောပါတယ်ခင်ဗျ။ နိုင်ငံတည်ဆောက်ရေးလို့ပြောကြရတဲ့ ကိစ္စရပ်အားလုံးမှာတော့ တပ်မတော်ရော၊ တခြားမည်သူနဲ့မဆို ..ကျနော်တို့က နိုင်ငံရေးပါတီမှမဟုတ်တာဘဲ။ ကျနော်တိုဘာနဲ့တူလဲဆိုတော့ ကူညီပံ့ပိုးပေးတဲ့အဖွဲ့ စွမ်းရည်မြှင့်တင်ပေးတာ လုပ်တာဖြစ်တဲ့အတွက် မည်သူ့ကိုမဆို ကျနော်တို့လုပ်ပေးနိုင်တဲ့အကြောင်း ပြောခဲ့တာပါ။"

---

**ပြက္ခဒိန်မှ**

**ဂျန်နဝါရီ ၁၃ ။ KL ။ ။** မနက်ဖန်ဖွင့်မည့် အာဆီယံသတင်းဆက်သွယ်ရေးနည်းသို့ပွဲ Information and Communicaton Technology (ICT) သည် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြင့်စေမည်။

**ဂျန်နဝါရီ ၁၃ ။ BP ။ ။ ။** ထိုင်းသည် ထိုင်းမြန်နယ်စပ်၊ ကမ္ဘောဒီးယားနယ်စပ်နှင့် ဘန်ကောက်နှင့် ဗဟိုဒေသများကို တာဝန်ယူမည် ခေတ်မီစစ်ရုံးခန်းတခုဖွင့်လှစ်ထား ကြောင်း။

**ဂျန်နဝါရီ ၁၃ ။ RGN-AP?NLD ။ ။** ဆက်လက်ရပ်တည်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်အဲန်အဲလ်ဒီသည် အယူခံဝင်နေကြောင်း ရှေ့နေများမှ ဆို၏။

**ဂျန်နဝါရီ ၁၄ ။ DVB ။ ။** မင်္ဂလာမြန်မာ့အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် လူမှုရေးလုပ်ငန်းများဆွေးနွေးခဲ့ကြောင်း ဦးဝင်းထိန်မှဆို၏။

**ဂျန်နဝါရီ ၁၄ ။ DVB ။ ။** ရွှေဝါရောင်တော်လှန်ရေးပါဝင်မှုဖြင့် နိုင်ငံရေးအကျဉ်း ဖ နှစ်ကျနေသူ ရွှေမောက် ကိုရွှေမောင်သည် စစ်တွေထောင်သို့ ရွှေ့ပြောင်း အပို့ခံရကြောင်း ဇနီးမသန်းသန်းဝင်းမှဆိုကြောင်း။

**ဂျန်နဝါရီ ၁၄ ။ DVB ။ ။** စည်သူဇေယျာသည် ထောင်တွင်း နေ့စဉ် ညှဉ်းပမ်းနှိပ်စက်မှုခံနေရကြောင်း။

**ဂျန်နဝါရီ ၁၄ ။ DVB ။ ။ ။** မြန်မာနိုင်ငံတွင်း ချူးကလီးယားလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သတင်းအချက်လက်တွေကို သူတို့ဆီပေးပို့ရန် အိုင်အေအီးအေ ခေါ်ကုလသမဂ္ဂ ချူးကလီးယားအေဂျင်စီက မြန်မာစစ်အစိုးရဆီ စာရေးတောင်းဆိုထားကြောင်း သံတမန်တွေက ပြောပါတယ်။

**ဂျန်နဝါရီ ၁၄ ။ DVB ။ ။ ။** ၁၃ ရက်နေ့က စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ကြီးမှူးဖွဲ့စည်းပေးလိုက်သည့် Committee for Professional Conduct (CPC) ခေါ် ဂျာနယ် ကိုယ်စားပြုကော်မတီ ဖွဲ့စည်းအပြီးမှာပဲ ဒီကော်မတီမှ နုတ်ထွက်မှုများရှိကြောင်း။

**ဂျန်နဝါရီ ၁၄ ။ DVB ။ ။ ။** ထူးကုမ္ပဏီသည် မကွေးတိုင်း ကံမမြို့နယ်ရှိလယ်သမားများထံမှ ခွင့်ပြုချက်မတောင်းဘဲ မြေတူးစက်နှင့် အဆောက်အဦးများကို ဖြိုခွဲ၍ လယ်သမားများမှ တရားစွဲမည်ဆို၏။။

**ဂျန်နဝါရီ ၁၄ ။ Mizzima ။ ။ ။** တိုးတက်သောဗုဒ္ဓဘာသာ DKBA တပ်မတော်၏ ဆွဲမိုင်းကြောင့် နယ်ခြားစောင့်တပ်အဖွဲ့ဝင် ၅ ဦးနှင့် အရပ်သား ၅ ဦးယနေ့ မြဝတီမြို့တွင် မိုင်းထိ၏။

**ဂျန်နဝါရီ ၁၄ ။ WHO ။ ။** မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်းအပါအဝင် နိုင်ငံအချို့တွင် လက်ရှိငှက်ဖျားဆေးများကောင်းကောင်းမတိုးသည့် ငှက်ဖျားရောဂါပိုးသစ်ပြန့်စပြုနေ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ စီမံကိန်းသစ်စတင်နေကြောင်း။

**ဂျန်နဝါရီ ၁၄ ။ Asian Tribune ။ ။** နအဖ၏ ပါလီမံလွှတ်တော်သည် ပထမဦးဆုံးအကြိမ်အဖြစ် ဂျန်နဝါရီ ၃၁ တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ထိုညီလာခံတွင် လမ်း ပြမြေပုံအဆင့်(၇)ကို အတည်ပြုဖွယ်ရှိ၏ဟု ဇင်လင်းမှ သုံးသပ်၏။

**ဂျန်နဝါရီ ၁၄ ။ ASEAN News ။ ။** ကရင်သူပုန်အုပ်စုများအား နှိမ်နင်းရန် နအဖသည် စစ်အင်အားပိုမိုသုံးစွဲနေ၏။

**ဂျန်နဝါရီ ၁၄ ။ ASEAN News ။ ။ ။** ၂၀၁၄ နှစ် နှင့် ၂၀၁၆ နှစ်တို့တွင် အသီးသီး အာဆီယံအလှည့်ကျသဘာပတိဖြစ်မည့် မြန်မာနှင့် လာအိုတို့သည် သဘာပတိနှစ် လဲလှယ်ရန် မြန်မာ၏အဆိုကို လာအိုမှ သဘောတူထောက်ခံကြောင်း။

# ခွဲထွက်မွန်လက်နက်ကိုင်တပ် မွန်ပြည်သစ်ပါတီနှင့် ပြန်လည်ပူးပေါင်း

**DVB । ဂျန်နဝါရီ ၁၁ ॥** ॥ ဗိုလ်မှူးဂျလွှမ်းထောဦးစီးတဲ့မွန်အမျိုးသားကာကွယ်ရေးတပ်မတော်က မွန်လက်နက်ကိုင်တပ်ဖွဲ့ဟာ ပြီးခဲ့တဲ့ရက်ပိုင်းတွေအတွင်းက မွန်ပြည်သစ်ပါတီထံ ပြန်လည်ဝင်ရောက်လာပြီလို့ မွန်ပြည်သစ်ပါတီက အတည်ပြုပြောကြားပါတယ်။

အင်အား ၃၀ ခန့်ရှိတဲ့ အဲဒီမွန်လက်နက်ကိုင်တပ်ဖွဲ့ဟာ မွန်ပြည်နယ်၊ ရေးမြို့နယ်တောင်ပိုင်းမှာ စစ်အစိုးရတပ်ဖွဲ့တွေကို တိုက်ခိုက်ပြီး စစ်ရေးလှုပ်ရှားမှုပြုလုပ်ခဲ့တာ ၂ နှစ်ခန့်ရှိပါပြီ။ မွန်ပြည်သစ်ပါတီနဲ့ နအဖစစ်အစိုးရတို့ အပစ်ရပ်ငြိမ်းချမ်းရေးယူခဲ့တဲ့ ကာလတွေမှာလည်း မွန်ဒေသအချို့မှာနအဖရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုဒဏ်ကို မခံမရပ်နိုင်ဖြစ်လာတဲ့အတွက် ဒီလိုလက်နက်ကိုင်ခွဲထွက်အဖွဲ့အချို့ ပေါ်ပေါက်လာရတာဖြစ်ပြီး ခုချိန်ခါမှာ အပစ်ရပ်ငြိမ်းချမ်းရေးကလည်း ပျက်ပြယ်သွားပြီလို့သိရတဲ့အတွက် အခုလို မိခင်ပါတီကို ပြန်လည်ဝင်ရောက်လာတယ်လို့ ဗိုလ်မှူးဂျလွှမ်းထောက ပြောပါတယ်။

“ဒီစက်တင်ဘာလ ၁ ရက်နေ့က မွန်ပြည်သစ်ပါတီနဲ့ နအဖအစိုးရအပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ပြီလို့ ကျနော်တို့သိရတယ်။ ဒါကြောင့် ကျနော်တို့ ရဲဘော်တွေအားလုံး ပြန်စုစည်းပြီးတော့ ပြန်လည်သုံးသပ်ကြတယ်။ အဲဒီအပေါ်မှာ မိခင်ပါတီကို ပြန်လည်ဝင်ရောက်ဖို့ ကျနော်တို့စီစဥ်ခဲ့တယ်။”

အလားတူ မွန်လက်နက်ကိုင်ခွဲထွက်အဖွဲ့ဖြစ်တဲ့ ဗိုလ်မှူးကြီးပန်းညွန့်အဖွဲ့ကတော့ အချင်းချင်းအာဏာသိမ်းမှုတွေဖြစ်ပေါ်ခဲ့ပြီး ခုအခါမှာ ခေါင်း ဆောင်ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို အတည်မပြုနိုင်သေးပါဘူး။ အဲဒီခွဲထွက်အဖွဲ့ဟာလည်း နအဖနဲ့မွန်ပြည်သစ်ပါတီ အပစ်အခတ်ရပ်စဲမှုကို နောက်ပိုင်းမှာ လက်မခံနိုင်ဖြစ်လာပြီး ခွဲထွက်ခဲ့တယ်လို့ မွန်ပြည်သစ်ဗဟိုအလုပ်အမဆောင် နိုင်တလညီက ပြောပါတယ်။

“ပါတီရဲ့ အပစ်အခပ်ရပ်စဲရေးအပေါ်မှာ သူတို့က လက်မခံနိုင်တဲ့အနေအထားအပေါ်မှာ သူတို့ ခွဲထွက်သွားရခြင်းဖြစ်ပါတယ်။”

ဒီလိုမွန်လက်နက်ကိုင်ခွဲထွက်အဖွဲ့တွေနဲ့ပတ်သက်ပြီး မွန်ပြည်သစ်ပါတီရဲ့သဘောထားကို ဗဟိုအလုပ်အမှုဆောင်နိုင်တလညီကခုလိုပြောပါတယ်။

“ကျနော်တို့အနေနဲ့က ပါတီကိုပြန်လာဖို့ကအမြဲကြိုဆိုနေပါတယ်။”

မွန်ပြည်သစ်ပါတီနဲ့ နအဖစစ်အစိုးရတို့ အပစ်ရပ် ငြိမ်းချမ်းရေးယူခဲ့တဲ့ကာလတလျှောက်လုံးမှာ ဗိုလ်မှူးအောင်သိုက်ဟင်းဦးဆောင်တဲ့ မြိတ်ခရိုင်ချောင်ချိအဖွဲ့၊ ဗိုလ်မှူးကြီးပန်းညွန့်ဦးစီးတဲ့ ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီနဲ့ ဗိုလ်မှူးဂျလွှမ်းထောခေါင်းဆောင်တဲ့ မွန်အမျိုးသားကာကွယ်ရေးတပ်မတော်ဆိုပြီး ခွဲထွက်အဖွဲ့ ၃ ဖွဲ့ ရှိခဲ့ပါတယ်လို့ မွန်ပြည်သစ်ပါတီက ပြောပါတယ်။ ကျန်မွန်လက်နက်ကိုင်အဖွဲ့ငယ်တွေကတော့ အနားယူခဲ့တဲ့ မွန်ပြည်သစ်ပါတီဝင်ဟောင်းတွေကို နအဖက ပြန်လည်စုဆောင်းပြီး ဖွဲ့ခဲ့တဲ့ အဖွဲ့ဖြစ်ပါတယ်၊

# ဂျာနယ်ကော်မတီ အပြီးသတ် ဖွဲ့စည်း

**DVB । ဂျန်နဝါရီ ၁၂ ॥** ॥ စာပေစိစစ်ရေး မြန်မာနိုင်ငံစာပေစာနယ်ဇင်းအဖွဲ့တို့နဲ့ သုံးပွင့်ဆိုင်ဆွေးနွေးနိုင်ဖို့ရည်ရွယ်ပြီး ဂျာနယ်ကိုယ်စားပြုကော်မတီတရပ်ကို ဇန်နဝါရီလ ၇ ရက်နေ့က ဖွဲ့စည်းလိုက်တယ်လို့ အဲဒီကော်မတီမှာပါတဲ့ အလင်းတန်းဂျာနယ်အယ်ဒီတာချုပ်ဦးဝင်းငြိမ်းက ပြောပါတယ်။

ကော်မတီထဲအဖွဲ့ဝင် ၁၅ ဦး ပါဝင်ပြီး သတင်းဂျာနယ်၊ အားကစားဂျာနယ်၊ အနုပညာဂျာနယ်စတဲ့ ဂျာနယ်လိုင်းပေါင်းစုံက ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေး ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ကော်မတီက လုပ်ဆောင်မယ့်ကိစ္စတွေနဲ့ ပတ်သက်လို့ ဦးဝင်းငြိမ်းက အခုလိုပြောပါတယ်၊

“ကျနော်တို့အဖွဲ့က ဘာလုပ်ပေးမှာလဲဆိုတော့ နံပါတ်တစ်က ဒီဂျာနယ်လစ်တွေ အရည်အသွေး တိုးတက်မြင့်မားလာဖို့ လုပ်သင့်လုပ်ထိုက်တာတွေကိုစလုပ်ပေးကြဖို့။ နံပါတ်နှစ်ကတော့ အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ စာနယ်ဇင်းသမားအချင်းချင်းပဲဖြစ်ဖြစ်၊ ပြင်ပအဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တယောက်နဲ့ပဲဖြစ်ဖြစ် ပြဿနာဖြစ်ရင် ဒီကော်မရှင်က ဝင်ဖြေရှင်းပေးဖို့၊ သတင်းယူတဲ့နေရာမှာ အခက်အခဲရှိရင်၊ ဥပမာ လေယာဥ်ပျံကွင်းထဲ ဝင်ရင် ဝင်ခွင့်မရှိဘူးတို့၊ သတင်းယူခွင့်မရှိဘူးတို့၊ သတင်းဓာတ်ပုံရိုက်ခွင့်မရှိဘူး စတဲ့ကိစ္စတွေကိုအခွင့်ရအောင် လုပ်ပေးမယ်။ သက်ဆိုင်ရာ ဌာနတွေကို ပြောပေးမယ်၊ သူတို့မူကြမ်းချပေးထားတယ်။ ကော်မတီဖွဲ့ပြီးတဲ့အခါ ကော်မတီကနေ ဆက်ပြီးတော့ အလားတူဟာတွေကို ဆက်လုပ်သွားပေးဖို့ဖြစ်တယ်။”

ဒ့ါအပြင် စာပေစိစစ်ရေးနဲ့ဂျာနယ်တွေကြား နားလည်ယုံကြည်မှုတည်ဆောက်ရေးလုပ်ဆောင်သွားဖို့ ရှိတယ်လို့လည်းဆိုပါတယ်။ဂျာနယ်ကိုယ်စားပြုကော်မတီထဲမှာ စာပေစာနယ်ဇင်းအဖွဲ့ဝင်တွေ တဦးတယောက်မှပါဝင်ခြင်းမရှိပါဘူး။ မနက်ဖြန် ဆရာကျော်ရင်မြင့်တို့ ပေးမယ့်စာနယ်ဇင်း ဆုပေးပွဲကိစ္စကိုကော်မတီနဲ့စာပေစာနယ်ဇင်းအဖွဲ့ တွေ့ဆုံဆွေးနွေးဖို့ရှိတယ်လို့လည်း သိရပါတယ်။ ကော်မတီထဲပါဝင်တဲ့ သူတချို့ကတော့ ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာသိန်းမြင့်၊ ဒေါ်ငြိမ်းငြိမ်းနိုင်၊ခင်မောင်ညို (ဘောဂဗေဒ)၊ ဇင်ယော်နီ၊ မောင်ယဉ်ကျော်၊ ဒေါက်တာဇော်သန်း စတဲ့သူတွေ ပါဝင်ပါတယ်။ ပြည်တွင်းမှာထုတ်ဝေနေတဲ့ ဂျာနယ် ၁၆၆ စောင်ကို ကိုယ်စားပြုဖွဲ့စည်းထားတာလည်းဖြစ်ပါတယ်။

# ပေါ်တာသုံးယောက် ထွက်ပြေးလာ

**DVB । ဂျန်နဝါရီ ၁၂ ॥** ॥ ဒီကေဘီအေတပ်ကို တိုက်ခိုက်ဖို့အတွက် မြန်မာ့တပ်မတော်က ခေါ်ယူခိုင်းစေတဲ့ အထမ်းသမားပေါ်တာတွေထဲက သုံးဦးထိုင်းနိုင်ငံဘက်က အခြမ်းကို ထွက်ပြေးလာပါတယ်။

ပြန်လွတ်လာသူတွေရဲ့ ပြောဆိုချက်အရ မြန်မာ့တပ်မတော်နဲ့ ဒီကေဘီအေတိုက်ပွဲဖြစ်စဥ် တောင်ကုန်းထိပ်မှာ ကျန်ရစ်တဲ့ စစ်အသုံးအဆောင်တွေကို မြန်မာ့တပ်မတော်သားတွေက အထမ်းသမားပေါ်တာ ၇ ဦးကို သွားရောက်ယူခိုင်းခဲ့ရာမှာ ၃ ဦး ထွက်ပြေးလာတာလို့ဆိုပါတယ်။ အဲဒီကရင်ပြည်နယ်စစ်မျက်နှာပြင်မှာ ပခုက္ကူထောင်ကနေ ရာဇဝတ်အကျဉ်းသား ၃၀ အပါအဝင်တခြားဒေသက အကျဉ်းသားတွေပါဆို အကျဉ်းသားပေါ်တာ ၈၀၀ လောက်ရှိတယ်လို့ထွက်ပြေးလာသူတွေက ပြောပါတယ်။ သူတို့တွေကို ပခုက္ကူထောင်ကနေ ပြီးခဲ့တဲ့လ ၃၁ ရက်နေ့ကထုတ်ပြီး မိတ္ထီလာ၊ ဘားအံကို အထမ်းသမားအဖြစ် ခေါ်လာရာမှာ လမ်းတလျှောက်သံကြိုးနဲ့ ချည်နှောင်ပြီး ပစ္စည်းထမ်းခိုင်းတယ်လို့ သူတို့အပေါ် တပ်မတော်သားတွေရဲ့ စိမ်ကြီးကြပ်ပုံကို ခုလိုပြောပြပါတယ်။

“ကျနော်တို့ကို ခေါ်လာတဲ့စစ်တပ်က ကျနော်တို့ကို တိရစ္ဆာန်တကောင်လိုခိုင်းတာ။ ကျနော်တို့ကို ခြေခြင်းတွေ ခပ်ထားတယ်။ လမ်းမှာလည်း အလေးအပေါ့လည်းမသွားရဘူး၊ သူတို့ အမိန့်မရဘဲနဲ့လည်း ခေါင်းမထောင်ရဘူး။ လူတွေနဲ့ မတရားညှပ်ပိတ်နေတာမျိုး အိပ်ရတာပေါ့နော်။ လမ်းမှာလည်း သန့်သန့်ရှင်းရှင်းလည်းမနေရဘူး။ လမ်းသွားလမ်းလာကအစ ကျနော်တို့ သံခြေခြင်းနဲ့ဆိုတော့ ဘယ်လိုမှမလွတ်လာနိုင်ဘူးပေါ့နော်။ ဒီဘက် ကျတော့လည်း ကျနော်တို့ကို ကွင်းလယ်ခေါင်ကြီးမှာ သိပ်တယ်။ အဝတ်အစားဆိုလည်း ဘာမှမပါဘူး။ အမြင့်ဆိုလည်း မဆင်းရဘူးပေါ့နော်။ သူတို့ကျတော့ကျင်းတွေ ဘာတွေတူးပြီးတော့မှ အိပ်ကြတာ။ ကျနော်တို့ သူတို့ အိပ်ဖို့အတွက် ကျင်းတွေအများကြီးတူးပေးရတာခင်ဗျ။”

မြန်မာ့တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်ခတ်ရပ်စဲခဲ့ချိန်ကစလို့ ဆယ်စုနှစ်တခုကျော်ကြာ အထမ်းသမားပေါ်တာတွေအသုံးပြုမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာရာကနေ အခုအခါတိုက်ပွဲဖြစ်ပွားမှုပြန်လည်စတင်လာပြီး ရာနဲ့ချီတဲ့အထမ်းသမားပေါ်တာတွေ ပြန်လည်သုံးစွဲလာတာ ဖြစ်ပါ တယ်။

# ပဲခူး မွတ်စလင်သချိုင်းဟောင်း ဒုတိယအကြိမ်မြောက် ဆိုင်းဘုတ်ဖြုတ်

**DVB ၊ ဂျန်နဝါရီ ၁၂ ။** ။ ပဲခူးတိုင်း ပဲခူးမြို့က မွတ်စလင်သချိုင်းဟောင်းနေရာကို သက် ဆိုင်ရာအာဏာပိုင်တွေက ဆိုင်းဘုတ်နှစ်မျိုးတင်ခဲ့ပြီးတဲ့နောက် မနေ့က ဆိုင်းဘုတ် ဖြုတ်လိုက်သလို အလံကိုပါ ဖြုတ်ချလိုက်တယ်လို့ သိရပါတယ်။

ပဲခူးမွတ်စလင်သင်းချိုင်းဟောင်းကို သိမ်းပိုက်မှုကို ပဲခူးမယကက ဦးစီးလုပ်ကိုင်ခဲ့တာဖြစ်ပြီး စည်ပင်သာယာက ပြီးခဲ့တဲ့လက “စည်ပင်သာယာ”ပန်းခြံ လို့ ဆိုင်းဘုတ်ထူခဲ့ပါတယ်။ နောက်သီတင်းပတ်အနည်းငယ်အကြာမှာ ဟံသာဝတီပန်းခြံဆိုပြီး ဆိုင်းဘုတ်နာမည်သစ် ထူခဲ့ပါတယ်။ အခုတော့ အဲဒီဆိုင်းဘုတ်တွေ မရှိတော့ဘူးလို့ ပဲခူးမြို့ခံ မွတ်ဆလင်တွေက ပြောပါ တယ်။ ပဲခူးမြို့မှာ ရွေးကောက်ပွဲဝင်ပြိုင်ခဲ့တဲ့ ဦးအောင်မျိုးဝင်းက ခုလိုပြောပါတယ်။

“မနေ့က နေ့လည်ပိုင်းလောက်က ကျနော်သိတယ်ပေါ့ဗျာ။ဟံသာ ဝတီဆိုင်းဘုတ်မရှိတော့ဘူးပေါ့။ အဲ့တော့ ကျနော်လည်းသတင်းကြားတာနဲ့သွားကြည့်တဲ့အခါကျတော့ဟုတ်တယ်ဗျ။ အဲဒီပန်းခြံဆိုင်းဘုတ်တော့ မရှိတော့ဘူးပေါ့။ အလံတိုင်လည်း ကျနော်မတွေ့တော့ဘူးပေါ့။ ကျနော်ဒီဘက်ကနေ ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ပြီး စာတွေတင်လိုက်တဲ့အပေါ်မှာ အခုလိုလူကြီးတွေကနေပြီးတော့ စာ ပြန်ဝင်တယ်လို့ ကျနော်ယူဆရတယ်။ ကျနော်တို့ သက်ဆိုင်ရာ အဖွဲ့တွေကိုတော့စာတော့မဝင်သေးဘူးဗျ။အခုချိန်ထိလေ။သက်ဆိုင်ရာဌာနတွေက စာပို့မယ်ဆိုရင်တော့ ကျနော်တို့ အရှင်းအလင်း သိရမှာပေါ့နော်။ အခုအခြေအနေအထိကတော့ အခြေအနေတော့ ကောင်းတယ်လို့ ကျနော်တို့ ယူဆလိုရတယ်ပေါ့ဗျာ။ ”

အဲတော့ အရင်တုန်းကတော့ မယကဥက္ကဋ္ဌ ပြောဆိုချက်အရဆိုရင် စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့အတွက် အဆောက်အအုံတွေ ဆောက်မယ်ဆိုတော့ အဲဒီအဆောက်အအုံတွေ ဆောက်ဖို့များဖယ်တာရော မဖြစ်နိုင်ဘူးလား။ ဘယ်လိုမျိုးတွက်ဆကြသလဲ။

“အခုက ကျနော့်အထင်ကို ပြောတာပေါ့နော်။ ဒီလက်ရှိ ကျနော်တို့က နိုင်ငံရေးအကူးအပြောင်းအလဲရှိတဲ့အခါကျတော့ နိုင်ငံတော် လက်ရှိအစိုးရအနေနဲ့ကတော့ ဒီကိစ္စက ဘာသာရေးဆိုင်ရာကိစ္စ ဖြစ်နေတယ်ပေါ့ဗျာ။ နောက်တခုက ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို တဖက်တလမ်းကနေ နှောင့်ယှက်တဲ့ပုံစံဖြစ်နေတယ်။ ဒီဥပဒေကို ချိုးဖောက်သလိုဖြစ်နေတာပေါ့ဗျာ။ အဲလိုဆိုတဲ့ အခါကျတော့ လူကြီးတွေအနေနဲ့ ဒါကို ထိန်းသိမ်းလိုက်တယ်ဆိုတဲ့ အနေအထားမျိုးတော့မြင်မိတယ်။ယူဆမိတယ်။”

ဒီလိုဆိုင်းဘုတ်တွေ မတင်ခင်ကတည်းကိုက မယကအမိန့်နဲ့ သချိုင်းဟောင်းကို ဘိုဒူဇာနဲ့ ဖြိုဖျက်ခဲ့ပါတယ်။ မွတ်စလင်ဘာသာရေး အဖွဲ့ကြီးတွေက ဒီသချိုင်းမြေဟောင်းဟာ သာသနာမြေဖြစ်တယ်။ နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ မြေဖြစ်တယ်ဆိုတာကိုတင်ပြပြီး စစ်တိုင်းမှူးကိုရောသာသနာရေးဝန်ကြီးဌာနကိုပါ တင်ပြခဲ့ပါတယ်။ ဒါပေမယ့် မြေတူးစက်နဲ့တူးတာ ကိုရပ်တန့်လိုက်ပေမယ့် စည်ပင်သာယာက အဲဒီသချိုင်းမြေဟောင်း ပရဝုဏ်မှာစည်ပင်ဆိုင်းဘုတ်နဲ့ဟံသာဝတီပန်းခြံဆိုင်းဘုတ်တွေထူခဲ့တာပါ။ ဒီဆိုင်းဘုတ်ကိုဘာကြောင့်ဖြုတ်တာလဲ။ မွတ်စလင်တွေလက်ကို ပြန်လွှဲမလို့လားလို့မြို့နယ်စည်ပင်သာယာရုံးကို ဖုန်းဆက်မေးရာမှာ တာဝန်ကျစည်ပင်ဝန်ထမ်းတဦးက အခုလို ပြောပါတယ်။

“အဲဒါက ကျနော်တို့ ပြောခွင့်မရှိဘူး။ အဲဒါကတော့ ကျနော်တို့ လူကြီးတွေမေးပါခင်ဗျ။ ကျနော်တို့က အခုက အောက်ကရုံးအဖွဲ့တွေပါ။”လို့ ဖြေဆိုပါတယ်။ မြို့နယ်မယကကိုတော့ မေးမြန်းဖို့ ကြိုးစားပေမယ့် မရခဲ့ပါဘူး။ အစိုးရက ဒီသချိုင်းမြေကို ၁၉၈၉ ခုနှစ်မှာ မြေမြုပ်ခွင့်ပိတ်ခဲ့ပေမယ့် ၁၉၉၈ ခုနှစ်မှာ သာသနာမြေအဖြစ် သတ်မှတ်ပေးခဲ့တယ်လို့ မွတ်စလင်တွေက ပြောပါတယ်။ စည်ပင်သာယာပိုင်မြေ မဟုတ်ဘူးလို့ တင်ပြထားချက်ကိုတော့ တရားဝင်အကြောင်းမပြန်သေးဘူး။”

---

## နျူးကလီးယားအချက်အလက်တွေ ပို့ပေးရန်အိုင်အေအီးအေတောင်းဆို

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ မြန်မာနိုင်ငံမှာ ရှိနေတယ်ဆိုတဲ့ နျူးကလီးယားလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး သတင်းအချက်လက်တွေကို သူတို့ဆီပေးပို့ဖို့ အိုင်အေအီးအေ ခေါ် ကုလသမဂ္ဂနျူးကရီးယားအေဂျင်စီက မြန်မာစစ်အစိုးရဆီ စာရေးတောင်းဆိုထားကြောင်း သံတမန်တွေက ပြောပါတယ်။

ဒါဟာအစောပိုင်းထွက်ပေါ်ခဲ့တဲ့သတင်းတွေအတိုင်းနျူးကလီးယားကိစ္စ စုံစမ်းရေးအတွက် အိုင်အေအီးအေမှ စုံစမ်းရေးမှူး လွှတ်နိုင်ရေးအတွက်ဖြစ်နိုင်တယ်လို့လည်း သံတမန်တွေကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။ မနှစ် နှစ်ကုန်ပိုင်းမှာ အိုင်အေအီးအေကနေ အခုလို စာရေးတောင်းဆိုထားတာဖြစ်ပေမယ့် မြန်မာအစိုးရဖက်က ပြန်တုံ့ပြန်မယ်မထင်ဘူးလို့ သံတမန်တဦးက ပြောပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ နိုဝင်ဘာတုန်းကတော့ မြန်မာနိုင်ငံမှာ နျူးကလီးယားလက်နက်လုပ်ဖို့ ပြင်နေတယ်ဆိုတာကို စစ်အစိုးရဘက်က လုံးဝငြင်းဆိုပြီး အခုရှိတဲ့ အစီအစဉ်ဟာ ငြိမ်းချမ်းစွာအသုံးပြုရေးအတွက်သာဖြစ်တယ်လို့ စစ်အစိုးရက ပြောပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့လပိုင်းအတွင်း ထွက်ပေါ်လာတဲ့ ဝီကီလိအစီခံစာထဲမှာလည်း မြန်မာနဲ့မြောက်ကိုးရီးယား ပူးပေါင်းဆောင်ရွက်မှုအပေါ် အနောက်နိုင်ငံတွေရဲ့ စိုးရိမ်မှုကို ဖော်ပြထားပြီး မင်းဘူးမြို့အနီးက လျှို့ဝှက်စီမံကိန်းတခုကို ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးက စောင့်ကြည့်ခဲ့ဖူးတယ်လို့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

---

## လှိုင်သာယာ စက်မှုဇုန်တွင် ဆန္ဒပြ

**DVB ၊ ဂျန်နဝါရီ ၁၁ ။** ။ ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန်ရှိ ကိုရီးယားပိုင် ဂလိုဘယ်ဟဲ ဆံပင်တုစက်ရုံမှာ အခုလ ၇ ရက်နဲ့ ၈ ရက်နေ့က အလုပ်သမား ၂၀၀ ခန့် ဆန္ဒပြခဲ့ကြောင်းသိရပါတယ်။

လုပ်အားခနည်းတာ၊ အချိန်ပိုခိုင်းတာနဲ့ ရုံးပိတ်ရက် မရှိတာတွေအပေါ် ဆန္ဒပြတာဖြစ်တယ်လို့ အလုပ်သမားမိသားစုဝင်တဦးက ပြောပါတယ်။

“အချိန်ပိုလည်း ဆင်းရတယ်။ အချိန်ပိုလည်း ည ၁၀ နာရီအထိ ဆင်းရတယ်။ ဆင်းပြီးတော့ ထမင်းမကျွေးတော့ဘူး။ ထမင်းကျွေး မယ်ဆိုရင်လည်း ဒီထမင်းဖိုးကိုဖြတ်မယ်။ ကားခဖြတ်တာရယ်၊ ဒီထမင်းဖိုး ဖြတ်မယ့်ဟာတွေ မကျေနပ်ဘူး။ နောက်တခါ သူတို့ အစတုန်းက ၆၀ ရာခိုင်နှုန်းဆိုရင်(ဘောနပ်)ကြေးကို အပြည့်အဝပေးမယ်ဆိုပြီးတော့ ပြောထားတယ်။ပြောထားပြီး တော့ လစာထုတ်တဲ့အခါကျ ၈၀ ကျော်မှ (ဘောနပ်) ကြေးပေးမယ်ဆိုတော့ လစာနဂိုက ခြောက်သောင်းကျော်ရတဲ့ ကလေးတွေက လေးထောင်ကျော်လေး ပဲရကြတယ်။ ကားခတွေ ဘာတွေနုတ်ဆိုတော့ အဲ့ဒါတွေကို မကျေနပ်ကြဘူး။ မကျေနပ်တဲ့အတွက် ပထမတခါတုန်းကလည်း ဆန္ဒပြထားတယ်။ ဆန္ဒပြတဲ့အခါမှာ လေဘာရုံးကနေ ဖြေရှင်းပေးတယ်လို့ပြောကြတယ်။ လေဘာရုံးက ဘာပြောလဲဆိုတော့ လူကြီးတွေက သူတို့ကိုလာပြီးတော့ ပြောတယ်တဲ့။ သူတို့ကို မကျေနပ်လို့ရှိရင် ဆန္ဒမပြကြပါနဲ့ လေဘာရုံးကိုတိုင်၊ လေဘာရုံးကနေ အခက်အခဲတွေ ဖြေရှင်းပေးမယ်လို့ပြောတယ်။ ပြောတဲ့အခါကျတော့ ကလေးတွေကလည်း လေဘာရုံးကိုလည်း စာတင်ကြတယ်လို့ ပြောသံကြားတယ်။ လေဘာရုံးက ဘာမှမလုပ်ပေးတော့ သူတို့က နေပြည်တော် လေဘာရုံးကိုတခါ စာထပ်တင်တယ်။ တင်တဲ့အခါမှာလည်း ဘာမှထူးခြားမှု မရှိဘူး။ မရှိတဲ့အတွက် ကလေးတွေက အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဆန္ဒပြတယ်။”

# ဂျာနယ်ကိုယ်စားပြု ကော်မတီ စတင်ဖွဲ့စည်းစဉ်ကပင် နှုတ်ထွက်မှုများရှိ

**DVB ၊ ဂျန်နဝါရီ ၁၄ ။** ။ ဒီလ ၁၃ ရက်နေ့က စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ကြီးမှူး ဖွဲ့စည်းပေးလိုက်တဲ့ Committee for Professional Conduct (CPC) ခေါ် ဂျာနယ် ကိုယ်စားပြုကော်မတီဖွဲ့စည်းအပြီးမှာပဲ ဒီကော်မတီကနေ နှုတ်ထွက်မှုတွေရှိနေတယ်လို့ သိရပါတယ်။

ပြည်တွင်းထုတ်ဂျာနယ် Eleven Media Group က အသစ်ဖွဲ့စည်းလိုက်တဲ့ CPC ကော်မတီရဲ့ ဖွဲ့စည်းပုံတွေကို လက်မခံနိုင်တာကြောင့် အခုလို နှုတ်ထွက်လိုက်တာဖြစ်ပြီး ဖွဲ့စည်းပုံတွေကို ပြင်ဆင်ဖို့ အချက် (၆) ချက် ကိုလည်း တောင်းဆိုလိုက်တယ်လို့ ဂျာနယ်တာဝန်ခံ အယ်ဒီတာ ကိုဝေဖြိုးက အခုလို ပြောပါတယ်။

"ကျနော်တို့က ဒီလိုမျိုးအဖွဲ့ ဖွဲ့တာကို ထောက်ခံတယ်၊ ရှိသင့်တယ်၊ ဒါပေမယ့် ကျနော်တို့က မနေ့ကပဲ အယ်ဒီတာတွေ၊ ဒါရိုက်တာတွေ ဒီအဖွဲ့နဲ့ ပတ်သက်လို့ အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်လိုက်တယ်၊အဓိကကတော့ဂျာနယ်လစ်တွေ ကိုယ်စားပြုတဲ့ လူတွေက ပိုပြီးတော့ ပါဝင်ဖို့လိုတယ်လေ၊ ကျနော်တို့က အဖွဲ့ ဖွဲ့တာကို ထောက်ခံတယ်၊ ဒါပေမယ့် အခု ဖွဲ့တဲ့ ဖွဲ့စည်းပုံကို လက်မခံနိုင်လို့ ကျနော်တို့ ထွက်လိုက်တာပါ။"

Eleven Media Group က တောင်းဆိုလိုက်တဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေး အချက်တွေမှာ အစိုးရ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သံရုံး၊ NGO မှအမှီအခိုကင်းပြီး အထောက်အပံ့တွေကို သွယ်ဝိုက် (သို့) တိုက်ရိုက် ရယူထားသူတွေ မပါဝင်ဖို့ အဓိကတောင်းဆိုထားတာဖြစ်တယ်လို့ ကိုဝေဖြိုးက ပြောပါတယ်။

"ဒီလိုအဖွဲ့မျိုးက တကယ်ရှိဖို့ လိုအပ်တယ်၊ ဒါပေမယ့် ရှိသင့်တဲ့ဟာက ဖွဲ့စည်းပုံ ပုံစံမကျရင် အဖွဲ့မှာ ပါဝင်ပတ်သက်တဲ့ လူတွေက စောစောတုန်းက ပြောတဲ့အချက်တွေနဲ့ မကိုက်ညီဘူးဆိုရင် အဲဒီအဖွဲ့ရဲ့ မူလရည်မှန်းချက်ပျောက်သွားမှာပေါ့၊ ကျနော်တို့ ပြည်သူကို ပြောထားသလိုပဲလေ၊ ပြည်သူလူထုကော အစိုးရကော အားလုံးက ယုံကြည်လေးစားဖို့ဆိုရင် အဲဒီအဖွဲ့မှာ ပါဝင်ပတ်သက်တဲ့ လူတွေကော၊ ဖွဲ့စည်းပုံကော အရေးကြီးတာကို။ အဲဒါကြောင့်မို့လို့ပါ။"

"CPCအဖွဲ့မှာ ဥက္ကဋ္ဌဦးကိုကို (ကိုကို–စက်မှုတက္ကသိုလ်)၊ အတွင်းရေးမှူးဦးမျိုးမြင့်မောင် (ညွှန်ကြားရေးမှူး၊ စာပေစိစစ်ရေး)။ ဦးမြတ်ခိုင် အပါအဝင် စာပေစာနယ်ဇင်းအဖွဲ့က ငါးဦး၊ ပြည်တွင်းဂျာနယ် ကိုယ်စားလှယ်တွေအဖြစ်ဦးဝင်းငြိမ်း (အလင်းတန်းဂျာနယ်)၊ ဦးအောင်စိုးသူ (The First Music ဂျာနယ်)၊ ဦးယဉ်ကျော်(မှုခင်းသတင်းဂျာနယ်)၊ ဦးဇင်ယော်နီ (raemr,ဂျာနယ်)၊ ဒေါက်တာဇော်သန်း (Health Care ဂျာနယ်)၊ ဦးခင်မောင်ညို(ဘောဂဗေဒ) (ကမ္ဘာ့စီးပွားရေးဂျာနယ်)၊ ဦးကျော်မင်းဆွေ (The Voice ဂျာနယ်)၊ ဒေါ်ငြိမ်းငြိမ်းနိုင်(၇ ဒေးဂျာနယ်)၊ ဦးသန်းစိုး (အခွင့်အလမ်းဂျာနယ်)၊ ဦးဝေသော (တတိုင်းမွေးဂျာနယ်)၊ ဦးမြင့်ဆွေမြင့် (အင်အား အားကစားဂျာနယ်)၊ ဦးထွန်းထွန်းဦး (အိုလံပစ်အားကစားဂျာနယ်)၊ ဦးချစ်မောင် (News Watch ဂျာနယ်)၊ ဒေါက်တာတင်ထွန်းဦး (ပြည်မြန်မာသတင်းဂျာနယ်)၊ ဒေါက်တာသိန်းမြင့် (Eleven Media Group)တို့ဖြစ်ပါတယ်။ ဒီအဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာသတင်း စာပညာဆုတွေ ချီးမြှင့်နိုင်ဖို့ ဆုရွေးချယ်ရေးမှုကြမ်းတွေ အတည်ပြုရေးဆွဲမယ်၊ ဖြစ်ပေါ်လာတဲ့ပြဿနာတွေကို ကြားဝင်ဖြေရှင်းဆောင်ရွက်မယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေပါဝင်တာကြောင့် မြန်မာစာနယ်ဇင်းသမားတွေ မျှော်လင့်ချက်ထားစောင့်ကြည့်ခဲ့ကြပါတယ်။"

ဒါပေမယ့် ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လက်အောက်ရှိ စာပေစိစစ်ရေးဌာနရဲ့ ဝင်ရောက်စွက်ဖက်မှုတွေကြောင့် ပြဿနာတွေဖြစ်ပေါ်လာရတာလို့ အမည် မဖော်လိုတဲ့ CPC ကော်မတီဝင်အချို့ကဆိုပါတယ်။ မြန်မာ့စာနယ်ဇင်းလောကမှာ ဂျာနယ်ကိုယ်စားပြု ကော်မတီတရပ်ပေါ်လာတဲ့အပေါ်ကို ဝါရင့်သတင်းစာဆရာကြီး လူထုစိန်ဝင်းကတော့ အခုလိုမှတ်ချက် ပေးပြောကြားပါတယ်။

"စာနယ်ဇင်းလောကမှာ စာနယ်ဇင်းသမားတွေရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ဖို့၊ စာနယ်ဇင်းသမားတွေရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ဖို့ အဖွဲ့အစည်း လိုအပ်နေတာကတော့ အမှန်ပဲ၊ အခုခေတ်မှာလည်း ဂျာနယ်တွေ ၂၀၀ ပတ်ဝန်းကျင်လောက်ရှိလာတဲ့အခါမှာ ပြဿနာတွေလည်း ခဏခဏကြုံကြရတယ်။ ရုပ်ရှင်မင်းသမီးက စာနယ်ဇင်းသမားကို ပါးရိုက်လိုက်တယ်ဆိုတဲ့ သတင်းမျိုးကိုတောင်မှဂျာနယ်တွေမှာ မရေးရဘူးဆိုပြီးတော့ ပိတ်ပင်တားဆီးတာမျိုးတွေလုပ်လာခဲ့ကြတယ်၊ စာနယ်ဇင်းသမားတွေရဲ့အကျိုးစီးပွားကို အမှန်တကယ် ကာကွယ်စောင့်ရှောက်မယ့် အဖွဲ့အစည်းမျိုးတကယ် လိုအပ်တယ်၊ ရှိသင့် ရှိထိုက်တယ်၊"

"သို့သော်လည်းပဲ အခုဖွဲ့စည်းလိုက်တဲ့ အဖွဲ့အစည်းကတော့စာနယ်ဇင်းသမားတွေကို တကယ်တမ်းကာကွယ်စောင့်ရှောက်နိုင်လိမ့်မယ်၊စာနယ်ဇင်းသမားတွေကို အကျိုးကျေးဇူးရှိအောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ဆရာ့အနေနဲ့တော့ မယူဆဘူး။ အရင်ကလည်းပဲ စာပေနဲ့စာနယ်ဇင်းဆိုတဲ့ အဖွဲ့အစည်းက ရှိခဲ့တာပဲနော်၊ အဲဒီအဖွဲ့အစည်းက ဒီလိုပဲစာပေနဲ့ စာနယ်ဇင်းသမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မယ်တို့ ဘာတို့ ပြောခဲ့တာပဲ၊ တကယ်တမ်း လက်တွေ့ကျတော့ မလုပ်နိုင်ခဲ့ပါဘူး။"

"အခုလည်း ဦးဆောင်ဖွဲ့တဲ့လူတွေက စာပေစာနယ်ဇင်းက ပုဂ္ဂိုလ်တွေနဲ့ ဒီစာပေစိစစ်ရေးက ပုဂ္ဂိုလ်တွေ ဆိုတော့ကား စာပေသမားတွေရဲ့ အကျိုးစီးပွားကို တကယ်တမ်း ဆောင်ရွက်နိုင်လိမ့်မယ်လို့ ဆရာကတော့ မယူဆဘူး။ ဒီလို စာနယ်ဇင်းတွေ ကိုယ်စားပြုတဲ့ အဖွဲ့အစည်းဆိုတာဟာ တကယ်တမ်း ကျင့်ဝတ်သိက္ခာနဲ့ညီညွတ်တဲ့ စတုတ္ထမဏ္ဍိုင်ပီသတဲ့ ပုဂ္ဂိုလ်မျိုးတွေကို စာနယ်ဇင်းသမားတွေက ကိုယ်တိုင်ရွေးချယ်ပြီးတော့ ခန့်အပ်တာမျိုး ဖြစ်သင့်ပါတယ်၊ အထက်အဖွဲ့အစည်းကနေပြီးတော့ ရွေးချယ်ပြီးတော့ ခန့်ထားတယ်ဆိုတာမျိုးကတော့ အထူးဖြင့် အခုလို ဒီမိုကရေစီစနစ် သွားမယ်ဆိုတဲ့ အခြေအနေမျိုးမှာလုံးဝလျော်ကန်သင့်မြတ်ခြင်းမရှိတဲ့လုပ်ရပ်မျိုးပဲလို့ ဆရာ့အနေနဲ့ယူဆတယ်။"

ဒီအဖွဲ့ကို ဦးဆောင်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ဆရာဘယ်လိုများ တိုက်တွန်းပြောကြားလိုတာများ ရှိနိုင်မလဲခင်ဗျ။

"ဆရာကတော့ စတုတ္ထမဏ္ဍိုင်ခိုင်ခိုင်မာမာ တည့်တည့်မတ်မတ်ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေ၊ တကယ့် စာနယ်ဇင်းသမားတွေရဲ့ အကျိုးစီးပွားကို ကိုယ်ကျိုးစီးပွားမဖက်ဘဲနဲ့ဆောင်ရွက်မယ့်ပုဂ္ဂိုလ်တွေကိုစာနယ်ဇင်းသမားကိုယ်တိုင်က ရွေးချယ်ပြီးတော့ ဖွဲ့စည်းသင့်ပါတယ်လို့ပဲဆရာကအကြံပြုချင်တယ်။"

CPC ကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၇ ရက်နေ့က ပဏာမအနေနဲ့ ဗဟိုကော်မတီဝင် ၅ ဦးကို ရွေးချယ်ခန့်ထားခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်နေ့မှာ ပြည်တွင်းထုတ်ဂျာနယ် ၁၆၀ ကျော်ထဲက ကော်မတီဝင် ၁၅ ဦးကို ရွေးချယ်ပြီးတရားဝင်ဖွဲ့စည်းလိုက်တာလည်း ဖြစ်ပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

**ခင်မမမျိုး**

နိဒါန်း

ကမ္ဘာ့နိုင်ငံရေး စင်မြင့်တွေမှာပဲဖြစ်ဖြစ်၊ ဒီမိုကရေစီအရေးနဲ့ ပဋိပက္ခဖြေရှင်းရေး လေ့လာသူ ပညာရှင်တွေရဲ့ ဆွေးနွေးပွဲတွေမှာပဲ ဖြစ်ဖြစ်၊ အရပ်သားတွေရဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာပဲ ဖြစ်ဖြစ်၊စေ့စပ်ဆွေးနွေးရေး၊ ဒိုင်ယာလော့ စတဲ့ စကားလုံးလေးတွေက ရေပန်းစားလှပါတယ်။ နိုင်ငံရေးဖြစ်စဉ်တွေကို သေသေချာချာလေ့လာ သုံးသပ် ပြီးမှ ပြောဆိုဆွေးနွေးသူတွေ ရှိတတ်သလို၊ စကားလုံးကိုပဲ အဖန်တလဲလဲ ရွတ်ဆိုပြောနေတတ်တာတွေလဲရှိပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ စေ့စပ်ဆွေးနွေးရေး စတာတွေကို ဖဲတချပ်မှောက်လိုက်၊ လှန်လိုက်လုပ်သလို အလွန်လွယ်ကူသယောင် ပြောဆိုမှုတွေလဲရှိတတ်ပါတယ်။ နိုင်ငံတနိုင်ငံမှာ ရွေးကောက်ပွဲ ဖြစ်လိုက်တာနဲ့နေ့ချင်းညချင်း ဒီမိုကရေစီနိုင်ငံကြီး ဖြစ်သွားသယောင် ထင်နေသူတွေ ရှိသလို၊ ဒီမိုကရေစီခေါင်းဆောင်တယောက် လွတ်လာတာနဲ့ နေ့ချင်းညချင်း ဒီမိုကရေစီကြီး ရတော့မယောင်ထင်မှတ်နေသူတွေလဲရှိပြန်ပါတယ်။

လက်တွေ့မှာကျတော့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆိုတာ ကလဲ ဖြစ်စဉ်တရပ်ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် အမြစ်တွယ် ရှင်သန်ခိုင်မာမှု (Democratic Consolidation) ရှိစေဖို့အတွက် ကနဦး ဒီမိုကရေစီအသွင်ကူးပြောင်းမှု Initial Democratization (သို့မဟုတ်) Political Liberalization ဖြစ်စဉ်အဆင့်ဆင့်ကိုတည်ဆောက်အကောင်အထည်ဖော်ဆောင်မှုပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်အသွင်ကူး ပြောင်းရေးကိုဖော်ဆောင်ပေးနိုင်မယ့် ပြည်သူ့အစိုးရ တရပ်ဖြစ်ဖြစ်၊စစ်မှန်စွာ အသွင်ကူးပြောင်းရေးကို လိုလားလာတဲ့ အာဏာရှင် အစိုးရဖြစ်ဖြစ် မပေါ်ပေါက်လာပဲ အသွင်ကူးပြောင်းမှု ဖြစ်စဉ်ရှိလာမှာမဟုတ်ပါဘူး။

စေ့စပ်ဆွေးနွေးရေး (Negotiation) ဆိုတာကလဲ ဒီအတိုင်း ပါပဲ။ ပဋိပက္ခတွေ ဖြေရှင်းဖို့အတွက် စေ့စပ်ဆွေးနွေးမှုကို နိုင်ငံရေးလက်နက်တခုအဖြစ် အသုံးပြုလေ့ရှိပါတယ်။ ဒီလို အသုံးပြုတဲ့အခါ စေ့စပ်ဆွေးနွေးမှုဖြစ်စဉ် အဆင့်ဆင့်ကို အကောင်အထည်ဖော်နိုင်ဖို့လိုပါတယ်။ Track II, Track III Level ခေါင်းဆောင်တွေ ပေါ်ထွက်လာဖို့ လိုအပ်ပါတယ်။ စေ့စပ်ဆွေးနွေးပေးပါလို့ တောင်းဆိုနေရုံ၊ လူသိရှင်ကြား စတိတ်မင့်တွေထုတ်ဝေဖြန့်ချိနေရုံနဲ့တော့ စေ့စပ်ဆွေးနွေးပွဲ ဖြစ်စဉ်ဆိုတာလဲ ရှိလာမှာ မဟုတ်ပါဘူး။

စေ့စပ်ဆွေးနွေးရေး (Negotiation) ဆိုရာဝယ်

နိုင်ငံရေးအယူအဆကွဲပြားမှု၊ လူမျိုးရေး ကွဲပြားမှု၊ ဘာသာရေး အယူဝါဒကွဲပြားမှု စတာတွေကနေ ပဋိပက္ခတွေ ဖြစ်ပွားလာတဲ့အခါ တဘက်နဲ့တဘက် ရန်သူလိုသဘောထားလာကြတဲ့ ပဋိပက္ခဝန်းကျင် အတွင်းမှာ တူညီတဲ့ ဘုံသဘောထားတွေရှာဖွေဖို့နဲ့ ကွဲပြားခြားနားမှုတွေအကြား ညှိနှိုင်းဆွေးနွေး အဖြေရှာဖို့ဆိုတာ အလွန်ခဲယဉ်းတဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီလို ခက်ခဲနက်နဲတဲ့ကိစ္စရပ်တွေကို လူအများ သိနားလည်လာနိုင်ဖို့အတွက် လက်တွေ့ နယ်ပယ်ထဲက သံတမန်တွေနဲ့ပညာရပ်နယ်ပယ်ထဲက နိုင်ငံရေးသိပ္ပံပညာရှင်တွေ၊ နိုင်ငံရေးတွေးခေါ် ပညာရှင်တွေက သုတေသနစာတမ်းတွေ၊ ကိုယ်တွေ့မှတ်တမ်းတွေကို ရေးသားဖော်ပြခဲ့ကြပါတယ်။

လက်တွေ့နယ်ပယ်ထဲမှာ တာဝန်ထမ်းဆောင်ကြရမယ့်သူတွေကိုလဲ သင်တန်းတွေ အဆင့်ဆင့်ပေးပြီး လေ့ကျင့်ပေးခဲ့ကြပါတယ်။ စာတွေ့နဲ့လက်တွေ့ မတူညီဖူးဆိုပေမယ့် လက်တွေ့တွေများစွာကနေ ထုတ်နုတ်ထားတဲ့ စာတွေ့သင်ခန်းစာတွေဟာ လက်တွေ့မှာ အထောက်အကူဖြစ်စေပါတယ်။ အတွေ့အကြုံက သင်ပေးသွားမှာ ဖြစ်တဲ့အတွက် စာတွေ့တွေမလိုအပ်ဘူး၊ စနစ်တကျသင်ကြားမှုတွေ မလိုဘူးလို့ တချို့က ဆိုတတ်ကြပါတယ်။ လက်ထဲကိုသေနတ်တလက်ရောက်လာတဲ့အခါ ဟိုပစ်ဒီပစ်လုပ်ရင်း သေနတ် ကျည်ထွက်မှာကတော့ သေချာပါတယ်။ ဒါပေမယ့် principles of sustained fire ကို နားလည်ထားရင်တော့ ပစ်မှတ်ကို ထိနိုင်ဖို့၊ risk နည်းဖို့ နေရာယူရတဲ့ position ကို အခြေအနေ၊ အချိန်အခါနဲ့အညီ အသုံးချနိုင်ပါတယ်။ အလုပ်တခု လုပ်တဲ့အခါမှာ သဘောတရားတွေကနေ ပြဋ္ဌာန်းထားတဲ့ စီမံချက်တွေအတိုင်းပြင်ဆင်အကောင်အထည်ဖော်တဲ့အခါပရမ်းပတာ တောင်ရောက်လိုက်၊ မြောက်ရောက်လိုက် လုပ်နေတာတွေအတွက် ပိုပြီး ရလဒ်ကောင်းလေးတွေ မရနိုင်ပါ။ ‘Fail to prepare, prepare to fail’ ဆိုတဲ့ စကားတွေကို ပညာရှင်တွေက အကြောင်းမဲ့ ပြောဆိုထားခဲ့ကြတာတော့ မဟုတ်ပါ။

စေ့စပ်ဆွေးနွေးမှုအောင်မြင်ဖို့ဆိုတာကလဲ ဒီအတိုင်းပါပဲ။ပြင်ဆင်မှုတွေ လိုအပ်ပါတယ်။ ဆွေးနွေးမှုရဲ့ ပန်းတိုင်၊ ရေရှည်ဦးတည်ချက်၊ရေတိုရည်မှန်းချက် စတာတွေရှိဖို့လိုပါတယ်။ Daniel Druckman ဆိုသူက စေ့စပ်ဆွေးနွေးရေးဆိုတာ ပြဿနာတခုကိုအဖြေရှာခြင်း (သို့မဟုတ်) တဘက်နဲ့တဘက် အကြားမှာအပေးအယူပြု လုပ်ခြင်းလို့အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ Richard Shell ဆိုသူကတော့စေ့စပ်ဆွေးနွေးရေးဆိုတာ တဘက်ကနေ အခြားတဘက် ဆီက တစုံတရာကို လိုချင်လာတဲ့အခါ ပြုလုပ်ကြတဲ့ ဆက်ဆံ ရေးဖြစ်စဉ်တခုလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ Fred Ikle ဆိုသူ ကတော့ စေ့စပ်ဆွေးနွေးရေးဆိုတာ ပဋိပက္ခတွေရှိနိုင်တဲ့ အကျိုးစီးပွားတွေအကြားက ဘုံအကျိုးစီးပွားကို ဖော်ထုတ်ဖို့ နည်းလမ်းတွေကို အဖြေရှာခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။

Roger Fisher နဲ့ William Ury တို့ကတော့ စေ့စပ်ဆွေးနွေးမှုလုပ်ရတဲ့အကြောင်းရင်းက ဆွေးနွေးမှုကြောင့် ရလာမယ့်ရလဒ်တွေဟာ မဆွေးနွေးပဲ ရလာမယ့် ရလဒ်တွေထက် ပိုပြီးကောင်းစေမယ်လို့ ယုံကြည်တဲ့အတွက် လုပ်ရတာ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလို လုပ်ရမှာ အကြောင်း တစုံတရာကြောင့် စေ့စပ်ဆွေးနွေးမှု မအောင်မြင်ခဲ့ရင် (သို့မဟုတ်) စေ့စပ်ဆွေးနွေးမှုဖြစ်မလာနိုင်တော့ဘူးဆိုရင် အကောင်းဆုံးဘာလုပ်နိုင်မလဲဆိုတဲ့ best alternative to a negotiated agreement (BATNA) ကိုလဲ နှစ်ဘက်ခေါင်းဆောင်တွေအနေနဲ့ စဉ်းစားထားဖို့ လိုကြောင်း ထောက်ပြပြောဆိုခဲ့ကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ဒုတိယ သမ္မတတယောက်ကို တိုင်းရင်းသားတွေထဲက ရွေးချယ်စေလို

**VOA | ဂျန်နဝါရီ ၁၄ ။** ။ ဒီလအကုန်မှာကျင်းပမယ့် ပြည်ထောင်စုလွှတ်တော်မှ ပေါ်ပေါက်လာမယ့် အစိုးရအဖွဲ့သစ်မှာ ဒုတိယသမ္မတနေရာကို တိုင်းရင်းသားခေါင်းဆောင်တဦးဦးကို ရွေးချယ်တင်မြှောက်ဖို့အတွက် ချင်းအမျိုးသားတိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌကပန်ကြားလိုက်ပါတယ်။ ဒီလို ရွေးချယ်တာဟာတန်းတူညီမျှရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကိုပါ အထောက်အကူဖြစ်လိမ့်မယ်လို့ယုံကြည်ကြောင်းပြောပါတယ်။

ဒီပန်ကြားချက်ကို တိုင်းရင်းသားပါတီတွေက ကြိုဆိုထောက်ခံပေမဲ့ ပြည်ထောင်စုလွှတ်တော် ၂ ရပ်မှာ တိုင်းရင်း သားပါတီ အများစုက အနိုင်ရထားတာ မဟုတ်တဲ့အတွက် ဒီပန်ကြားချက်အပေါ်မှာတော့ တချို့က သံသယရှိနေပါတယ်။ ဒီအကြောင်း အပြည့်အစုံကို ထိုင်းအခြေစိုက် သတင်းထောက်ကိုမိုးဇော်က တင်ပြထားပါတယ်။

မြန်မာစစ်အစိုးရကဒီလ ၃၁ ရက်နေ့မှာပြည်ထောင်စုလွှတ်တော်ခေါ်ယူကျင်းပဖို့အတွက် ကြေညာထားတာပါ။ လွှတ်တော်စတင်ချိန်မှာ အစိုးရသစ်ဖွဲ့စည်းဖို့အတွက် တိုင်းနဲ့ပြည်နယ်တွေကို အခြေခံတဲ့ အမျိုးသားလွှတ်တော်၊ မြို့နယ် ဒါမှမဟုတ် လူဦးရေကိုအခြေခံတဲ့ ပြည်သူ့လွှတ်တော်နဲ့ တပ်မတော်သား ကိုယ်စားလှယ်တွေက ဒုသမ္မတတယောက်စီ ရွေးချယ်ရမှာဖြစ်ပါတယ်။

ဒီလို ရွေးချယ်ရာမှာ တန်းတူညီမျှရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားခေါင်းဆောင်တဦးဦးကိုဒုသမ္မတအဖြစ်ရွေးချယ်ကြဖို့အတွက်လွှတ်တော်ကိုယ်စားလှယ်တွေကိုချင်းအမျိုးသားတိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌပုဖိုဇမ်က အခုလိုပန်ကြားပါတယ်။

“ကျနော်တို့ ပြည်ထောင်စုအစိုးရလုပ်တော့မယ်ဆိုရင် ကျနော်တို့ မေတ္တာရပ်ခံချင်တာက တိုင်းရင်းသားထဲက သင့်လျော်တဲ့ပုဂ္ဂိုလ်တဦးဦးပေါ့။ ဒုသမ္မတနေရာကို ရွေးချယ်ပေးကြပါလို့။ အဲဒါက ကျနော်တို့ ပြည်ထောင်စုအတွက်လည်းကောင်းမှာပါ။ နောက်ပြီးတော့ ကျနော်တို့ ရဲ့တန်းတူရည်တူဖြစ်ဖို့ကိစ္စတွေရော၊ အမျိုးသားစည်းလုံးညီညွတ်ဖို့ ကိစ္စကိုရော အင်မတန်အထောက်အကူဖြစ်လိမ့်မယ်ဆိုပြီး ကျနော် အဲဒါကို အားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။ ကျနော်လည်း တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်တဦးပါပဲ။ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို ကျနော် request လုပ် ချင်တယ်။ အဲဒါချင်းအမျိုးသားပါတီ ဥက္ကဋ္ဌအနေနဲ့ရော၊ ကျနော့်ပါတီအနေနဲ့ရော၊ တိုင်းရင်းသားတဦးအနေနဲ့ပါ ကျနော်လုပ်ချင်တဲ့ကိစ္စပါ။”

ဒီလို ရွေးချယ်ရာမှာ ပါတီကိုအခြေပြုရွေးချယ်ဖို့ မရည်ရွယ်ဘူးလို့လည်း သူက ဆက်ပြီးပြောပါတယ်။

“ကျနော် ပါတီနဲ့စကားမပြောပါဘူး။ အကုန်လုံးက ပါတီလုပ်ဖော်ကိုင်ဖက်တွေအနေနဲ့ပဲ ကျနော်သဘောထားပါတယ်။ ကျနော်ဆိုလိုတာက ကျနော်တို့ မြန်မာပြည်က တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ပါတီပေါင်းစုံနဲ့ဖွဲ့စည်းထားတာ မဟုတ်ပါဘူး။ အဲဒီအခြေခံရပ်တည်ချက်ပါ။ တိုင်းရင်းသားထဲက တဦးပေါ့။ အဲဒါ ကျနော်တို့ အနာဂတ်နိုင်ငံတော်အတွက် အများကြီးအကျိုးဖြစ်ထွန်းလာလိမ့်မယ်လို့ ကျနော်ယူဆပါတယ်။”

ချင်းအမျိုးသား တိုးတက်ရေးပါတီဥက္ကဋ္ဌရဲ့ ပန်ကြားချက်ကိုတော့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီကကြိုဆိုကြောင်းပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က အခုလိုပြောပါတယ်။

“စစ်မှန်တဲ့ပြည်ထောင်စုကို ကျနော်တို့ ဦးတည်သွားမယ်ဆိုရင် တိုင်းရင်းသားအရေးကိုလည်း မေ့ပျောက်ပစ်လို့မရဘူးလေ။ တိုင်းရင်းသားကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တဦးဦးပါလာမယ်ဆိုရင် ခုနကလို တိုင်းရင်းသားကို အခြေခံတဲ့ပါတီတွေ အကုန်လုံးကလည်း လက်ခံမှာပါ။ အဲဒီတော့ အမျိုးသားပြန်လည် ရင်ကြားစေ့ရေးဆိုတဲ့ ဦးတည်ချက်ကို ပိုပြီးတော့ တိုင်းရင်းသားတွေကြားထဲမှာ ဖြေရှင်းဖို့ပဲ ဦးဆောင်ဦးရွက်ပြုနိုင်တဲ့ ပုဂ္ဂိုလ်တဦးမရှိသေးဘဲနဲ့ ဒါ တိုင်းရင်းသားအကုန်လုံးက သရုပ်ဖော်ကြမယ်ထင်ပါတယ်။ ကြိုဆိုပါတယ်။ ကျနော်ထင်ပါတယ်။ ဒီဥစ္စာကလည်း အနိုင်ရတဲ့ပါတီတွေမှာလည်း ပေါ်လစီရှိကောင်း ရှိနိုင်ပါတယ်။ အဲဒီလို လူနည်းစုအပေါ်မှာ ဦးစားပေးတဲ့သဘောလည်းဖြစ်သွားမယ်။ သဘောထားပိုပြီး ကြီးမားတဲ့သဘောလည်း ပြည်တွင်းပြည်ပက ရှိနေကြမှာပါ။”

ချင်းအမျိုးသားပါတီရဲ့ ဥက္ကဋ္ဌရဲ့ အဆိုပြုချက် အောင်မြင်ဖို့ကိုတော့ လွှတ်တော်ကျင်းပချိန်မှာ ဖြစ်ပေါ်လာမယ့် နိုင်ငံရေးအခင်းအကျင်းပေါ်မှာအခြေတည်ပြီး သူတို့ပါတီက ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဒေါက်တာ အေးမောင်က ပြောပါတယ်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကတော့ တိုင်းရင်းသားပါတီတွေ အနိုင်ရတာ နည်းတဲ့အတွက် တိုင်းရင်းသားလူမျိုးစုတွေထဲက ဒုသမ္မတ တနေရာဖို့ကို သံသယရှိနေပါတယ်။

“ဆန္ဒကတော့ ရှိတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေ အပေါ်မှာမူတည်တာပေါ့။ သူတို့ မဲထည့်ပေးရင် တော့ ရမှာပေါ့။ မဲမထည့်ပေးရင်တော့ မရဘူးပေါ့။ အဲဒါလည်း ရှိသေးတာကိုး။ တိုင်းရင်းသားတွေက ထင်သလောက် မနိုင်ဘူးလေ။ တကယ်တမ်းကျရင်လည်း အမျိုးသားလွှတ်တော်ကနေပြီးတော့ ရနိုင်ခြေရှိတာပေါ့။ တကယ့် တိုင်းရင်းသားပါတီတွေ နိုင်တယ်ဆိုလို့ရှိရင်တော့ chance ရှိတာပေါ့၊ အခွင့်အရေးရှိတာပေါ့နော်။ အခုဟာက တိုင်းရင်းသားပါတီတွေက ထိပ်ဆုံးက မနိုင်ဘူးလေ။”

ဒါကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း ပြောသွားတာပါ။

လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ အငြင်းပွားမှုတွေ ရှိနေပေမဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက အမျိုးသားလွှတ်တော်မှာ ၇၆ ရာခိုင်နှုန်းကျော်နဲ့ ပြည်သူ့လွှတ်တော်မှာ ၇၉ ရာခိုင်နှုန်းကျော် အနိုင်ရထားတယ်လို့ ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် လွှတ်တော်အတွင်းမှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းလည်း ပါဝင်မှာဖြစ်တာကြောင့် မဲအများစုကတော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနဲ့ စစ်တပ်ကိုယ်စားလှယ်တွေ အတွင်းမှာရှိနေတာလည်းဖြစ်ပါတယ်။

# စစ်ခွေးတိုက်အတွင်းမှ ကိုစည်သူဇေယျကို နေ့စဉ် ညှဉ်းပမ်းနှိပ်စက်

**DVB । ဂျန်နဝါရီ ၁၄ ။** ॥ အခုလ ၅ ရက်နေ့ကတည်းက အင်းစိန်ထောင် စစ်ခွေးတိုက်ကို ပို့ထားတဲ့ ကိုစည်သူဇေယျကို စစ်ခွေးတိုက်တာဝန်ခံနဲ့ ဒုလက်ထောက်ထောင် မှူးဦးသိန်းမြင့်က နေ့စဉ် ညှဉ်းပမ်းနှိပ်စက်နေတယ်လို့ သိရပါတယ်။

ကိုစည်သူဇေယျကို ပြစ်ဒဏ်ကြီးပေးတဲ့အနေနဲ့ နေ့စဉ်အခန်းပြင်ထုတ်ပြီး အပြင်းအထန်ပုံစံမောင်းနေတာလို့ထောင်နဲ့နီးစပ်သူတဦးကပြောပြပါတယ်။

"ပုံစံမောင်းတယ်ဆိုတာကတော့ အခန်းထဲကနေပြီးတော့ ၁၅ မိနစ်တကြိမ်ထုတ်ပြီးတော့ ထိုင်ထ ထိုင်ထ ဝမ်းလျားမောက် ဒါမျိုးတွေပေ့ါလေ၊ ထောင်ဥပဒေမှာ ဒါမျိုးတွေရှိတယ်၊ မင်းမသိရကောင်းလားဆိုပြီးတော့ ဆက်တိုက်မောင်းနေတယ်။ ဒီနေ့နဲ့ဆိုရင် စုစုပေါင်း ၉ ရက်ရှိသွားပြီလို့ ကြားသိရတယ်၊ ဒါက ဒုလက်ထောက်ထောင်မှူးဦးသိန်းမြင့်ပေ့ါ၊ သူ့ရဲ့ အထက်မှာ ဦးစီးပြီး လုပ်ကိုင်နေတာကတော့ ထောင်အရာရှိ ဦးစီးအဆင့်ရှိတဲ့ ဦးဝင်းနိုင်ဦးဆောင်မှုနဲ့ လုပ်တယ်လို့ ပြောတယ်။"

ဒီလိုလုပ်တာကိုမကျေနပ်တဲ့ အတွက်ကိုဇော်မိုးလွင်နဲ့ ကိုဇော်မင်းထွန်းတို့ဦးဆောင်တဲ့ နိုင်ငံရေးအကျဉ်းသား ၁၇ ဦးက ကိုစည်သူဇေယျကို နှိပ်စက်နေတာတွေ ရပ်ပေးဖို့ ဒီကနေ့ ထောင်အာဏာပိုင်ထံ တင်ပြတောင်းဆိုလိုက်တယ်လို့လည်း သူက ဆက်ပြောပြပါတယ်။

"ကိုစည်သူဇေယျနဲ့ တဆောင်တည်းနေရတယ်တဲ့၊ ဒီ ၄ ဆောင်က နိုင်ငံရေးအကျဉ်းသားတွေက စုစုပေါင်း ၁၇ ယောက်က အဲဒီ ကိုစည်သူဇေယျကိစ္စကိုပြေလည်စွာဖြေရှင်းပေးဖို့အတွက်တောင်းဆိုလိုက်တယ်၊အဲဒီကိစ္စကိုပြေလည်စွာဖြေရှင်းနိုင်ဖို့ဆိုရင် ညွှန်ကြားရေးမှူးချုပ်နဲ့ တွေ့ဆုံဖို့အတွက်သူတို့က တောင်းဆိုတယ်၊အဲဒါကို တွေ့ဆုံခွင့်မရတဲ့အတွက် ဒီနေ့ကနေစပြီးတော့ထောင်ဖွင့်ထောင်ပိတ်နေ့စဉ်လုပ်ရတဲ့ ရှေ့ကြည့် တန်းစီကိစ္စကိုနိုင်ငံရေးအကျဉ်းသားတွေမလုပ်တော့ဘူး၊ အဲဒါကို ၃ ရက်တိတိမှာ မလိုက်လျောဘူးဆိုရင် နောက်နိုင်ငံရေးအကျဉ်းသားတွေကထောင်ဥပဒေအရကတုံးမတုံးရဘူးဆိုတာကိုဖီဆန်ပြီးတော့ ကတုံးတုံးဆန္ဒပြကြမယ်၊ အဲဒီလို ကတုံးတုံးလို့မှ မရဘူးဆိုရင်လည်း အစာငတ်ခံဆန္ဒပြဖို့အတွက် စုစုပေါင်း ၁၇ ယောက်က ထောင်အာဏာပိုင်တွေကို သတင်းပို့လိုက်ပြီလို့ ကြားသိရပါတယ်။"

ကိုစည်သူဇေယျကို မနှစ်က X2O သကြန်မဏ္ဍပ် ဗုံးပေါက်ကွဲမှုနဲ့ ဆက်စပ်ဖမ်းဆီးပြီး ထောင် ၈ နှစ် ချထားတာဖြစ်ပါတယ်။ အခုလ ၄ ရက်နေ့က သူနဲ့အတူနေ နိုင်ငံရေးအကျဉ်းသား ကိုအောင်နိုင်ဦး အရိုက်ခံတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အကျဉ်းဦးစီးအရာရှိ ဦးဝင်းနိုင် လာရောက် စစ်ဆေးစဉ် မတ်တပ်ရပ်ကြိုဆိုခြင်း မပြုလို့ဆိုပြီး စစ်ခွေးတိုက်ကို ပို့ထားတာလို့ သိရပါတယ်။ အင်းစိန်ထောင် ၅ အဆောင်မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေကတော့ စောင်နဲ့အစားအစာ မလုံလောက်တာနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းတာတွေကိုဖြေရှင်းပေးဖို့ ထောင်အာဏာပိုင်တွေထံ တင်ပြတောင်းဆိုထားတယ်လို့သိရပါတယ်။

# ကိုရွှေမောင် စစ်တွေထောင် အပို့ခံရ

**DVB । ဂျန်နဝါရီ ၁၄ ။** ॥ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးမှာ ပါဝင်မှုနဲ့ ထောင်ဒဏ် ဖ နှစ်ချထားတဲ့ မန္တလေးအဖွဲ့ချုပ်ဝင် ကိုရွှေမောင်ကို ဖျာပုံထောင်ကနေ စစ်တွေထောင်ပြောင်းရွှေ့လိုက်တယ်လို့ဇနီးမသန်းသန်းဝင်းကပြောပါတယ်။

မနေ့က စစ်တွေထောင်ပို့လိုက်တာကို ထောင်နဲ့နီးစပ်သူတဦးက ပြောလို့သိရတာဖြစ်ပြီး ထောင်အတိအကျသိရဖို့ စုံစမ်းနေဆဲလို့မသန်းသန်းဝင်းက ခုလို ပြောပါတယ်။

"ကျောက်ဖြူထောင်ကို အဲဒီတယောက်ကို ဝင်ချထားခဲ့ပြီးတော့ စစ်တွေကိုသွားမယ်လို့တော့ပြောတာပဲ၊သူ့ဆီက သတင်းလေးဘာလေးရမှစစ်တွေထောင်ရောက်မရောက်၊ ကျမလည်း ဒီနေ့ကျောက်ဖြူထောင်ကို လှမ်းပြီး ဖုန်းလေး ဘာလေးဆက်သွယ်ကြည့်နေတာပဲ၊ ဖုန်းက ခေါ်လို့မရဘူးဖြစ်နေတယ်၊ ခုနကပြောသလို သူတို့ဘက်ကတော့ ကျမကိုဘာမှ ဘယ်ထောင်ပြောင်းလိုက်ပါတယ်ဆိုတာ အတိအကျအကြောင်းကြားတာတော့မရှိပါဘူး၊ တော်တော်ကြီးကို ကျမလည်းစုံစမ်းယူရဦးမှာပါ၊ တော်တော်တော့စိတ်မကောင်းစရာပေ့ါဗျာ။"

ဖျာပုံထောင်မှာ နှိပ်စက်ခံနေရာကနေ စစ်တွေထောင်ကို ပြောင်းရွှေ့တာကောင်းပေမယ့် ထောင်ဝင်စာသွားတွေ့ဖို့ ခက်ခဲမယ်လို့ ကိုရွှေမောင်ရဲ့ဇနီးက ပြောပါတယ်။ ကိုရွှေမောင်ဟာ ၂၀၀၂ ခုနှစ်ကလည်း ရွှေခမောက်သွန်းလုပ်ပြီး ရန်ကုန် အဖွဲ့ချုပ်ရုံးချုပ်ဆီပို့ဆောင်ဖို့ ကြိုးပမ်းမှုကြောင့် ခိုးရာပါပစ္စည်းလက်ခံတယ်ဆိုပြီး အာဏာပိုင်တွေက ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့ဖူးပါတယ်။

# ဒေါ်စုလွတ်အပြီး ခရီးသည်တိုးလာ

**DVB । ဂျန်နဝါရီ ၁၄ ။** ॥ ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်မြောက်လာပြီးနောက် မြန်မာနိုင်ငံရဲ့ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းအခြေအနေကောင်းလာနိုင်တယ်လို့ အေပီသတင်းဆောင်းပါးတပုဒ်မှာဖော်ပြထားပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ဓာတုဗေဒနဲ့ဘွဲ့ရပေမယ့် အလုပ်မရလို့အခုလောလောဆယ် အင်းလေးကန်မှာ လှေမောင်းနေတဲ့ အသက် ၃၅ နှစ်အရွယ်ငနီရဲ့ မျှော်လင့်ချက်နဲ့ ဆောင်းပါးကို အစပျိုးထားပါတယ်။

"တိုးရစ်တွေအများကြီးတိုးလာမယ်လို့ ကျနော်မျှော်လင့်ပါတယ်။ ဒီက အခြေအနေမှန်တွေကို သူတို့ကိုယ်တိုင် လာကြည့်စေချင်ပါတယ်လို့"

ငနီက ပြောပါတယ်။ ငနီရဲ့မျှော်လင့်ချက်ဟာ ဒီတကြိမ်မှာ ပြည့်ဝနိုင်တယ်လို့ ဆောင်းပါးရှင်က ယူဆပြီး မကြာသေးခင်ကမှ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပြောတဲ့စကားလုံးတချို့ကို ကိုးကားထားပါတယ်။ ခရီးသွားအမြောက်အမြား အုပ်စုလိုက်လာရောက်မှာကို အားမပေးပေမယ့် တိုင်းပြည်အခြေအနေကို လာရောက်လေ့လာမယ့် တသီးပုဂ္ဂလခရီးသွားတွေ လာရောက်တာတွေကတော့ကောင်းပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကအေပီ သတင်းဌာနကို ပြောကြားခဲ့ဖူးပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်တခုလုံး အငြင်းပွားနေတဲ့ မြန်မာနိုင်ငံကို ခရီးသွားသင့် မသင့်အတွက် လမ်းစပွင့်သွားတဲ့သဘောဖြစ်တယ်လို့လည်း ဆောင်းပါးရှင်က ဆိုပါတယ်။

ဒါပေမယ့် အခြေခံအဆောက်ဦတွေညံ့ဖျင်းတာ၊ နယ်စပ်ဒေသတွေဆီသွားလာခွင့်ပိတ်ပင်ထားတာ၊အင်တာနက်မရှိလို့ ခရက်ဒစ်ကတ်သုံးခွင့်မရတာ။ ဗီဇာခက်ခဲတာတွေကြောင့် ခရီးသွားတွေ ထင်သလောက် မလာသေးဘူးလို့ ဘန်ကောက်အခြေစိုက် ခရီးသွားလုပ်ငန်းကုမ္ပဏီအရာရှိတဦးကပြောပါတယ်။ ဒါပေမယ့် မြန်မာလူငယ်အတော်များများကတော့ အင်္ဂလိပ်စာနဲ့တခြားနိုင်ငံခြားဘာသာတွေကို သင်ယူနေကြပြီး တိုးဂိုက်လုပ်ဖို့ ကြိုးစားနေတယ်။

ပုဂံမှာဆိုရင် ကလေးငယ်တွေကအစ တိုးဂိုက်လုပ်ပြီး နေ့စဉ်စားဝတ်နေရေးကိစ္စအတွက် လုံးပန်းနေတာတွေ့ရတယ်လို့ဆောင်းပါးရှင်ကဆိုပါတယ်။ မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းဟာ ရွှေဝါရောင်တော်လှန်ရေးဖြစ်ခဲ့တဲ့ ၂၀၀၇ နဲ့စာရင် ခရီးသည်လာနှုန်း ၃၀ ရာနှုန်းကျော်အထိပြန်တိုးတက်လာနေပြီး ပြီးခဲ့တဲ့နှစ် ပထမ ၉ လအတွင်း ၂ သိန်းကျော် ဝင်ခဲ့တယ်လို့ အဲဒီကုမ္ပဏီက ပြောပါတယ်။ ဒါပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင်အတော်နည်းနေတာကိုတွေ့ရကြောင်း၊ ထိုင်းနိုင်ငံမှာဆိုရင်မနှစ်က တိုးရစ် ၁၄ သန်းဝင်ခဲ့ပြီး ဗီယက်နမ်က ၄ သန်း၊ ကမ္ဘောဒီးယားနဲ့လာအိုက ၂ သန်းစီဝင်ရောက်ခဲ့တယ်လို့ အေပီ ဆောင်းပါးရှင်က ထောက်ပြထားပါတယ်။

# တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များ ညီလာခံ ခေါ်ဖို့ ဆုံးဖြတ်

**RFA ၊ ဇန်နဝါရီ ၁၄ ။ ။** မြန်မာနိုင်ငံ နယ်စပ်ဒေသတွေမှာ ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေနဲ့ စစ်အုပ်စုနဲ့အပစ်အခတ်ရပ်စဲထားကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ ဇန်ဝါရီလ ၁၁ ရက်နေ့ကစလို့ ထိုင်း-မြန်မာ နယ်စပ်တနေရာမှာ ၄ရက်ကြာ တွေ့ဆုံခဲ့ကြတဲ့ဆွေးနွေးပွဲဟာ ဇန်နဝါရီ ၁၄ ရက် ဒီကနေ့ ပြီးဆုံးသွားပါပြီ။

တွေ့ဆုံ ဆွေးနွေးခဲ့ကြတဲ့ အဖွဲ့တွေကတော့ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲထားပြီး နယ်ခြားစောင့်တပ် အသွင်ပြောင်းဖို့ဖိအားပေးမှုအပေါ် လက်မခံတဲ့ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ၊ မွန်ပြည်သစ်ပါတီ (NMSP) နဲ့ ဒုဗိုလ်မှူးကြီး ဦးပန်ဖ ခေါင်းဆောင်တဲ့ရှမ်းပြည်တပ်မတော်မြောက်ပိုင်းအဖွဲ့တဖွဲ့ဖြစ်တဲ့ SSDP ရှမ်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပါတီဝင်တွေနဲ့အတူ စစ်အစိုးရနဲ့ အပစ်အခတ်မရပ်စဲထားတဲ့ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ ချင်း အမျိုးသားတပ်ဦး (CNF) နဲ့ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၆ ဖွဲ့ဖြစ်ကြပါတယ်။

ဒီ တိုင်းရင်းသားခေါင်းဆောင်တွေဟာ ဖယ်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီကို ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၄ ရက်နေ့မှာ သဘောတူ ဖွဲ့စည်းခဲ့ကြပြီးနောက် တတိယအကြိမ်ထပ်မံတွေ့ဆုံခဲ့ကြတာလည်းဖြစ်ပါတယ်။ ဖက်ဒရယ် ပြည်တောင်စု ပေါ်ထွန်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူးဦးရွှေမျိုးသန့်က သူတို့ညီလာခံခေါ်ယူဖို့ကြိုးစားမှာဖြစ်ကြောင်း ပြောပါတယ်။

"အဓိကကတော့ ကျနော်တို့ ဒီ တိုင်းရင်းသား လူမျိုးများတွေကို ကိုယ်စားပြုနိုင်တဲ့ညီလာခံတခု အဲ့ဒါကို အမြန်ဆုံးခေါ်ဖို့ပေါ့လေ။ ပြည်တွင်းအင်အားစုတွေလည်း တိုင်းရင်းသားပါတီတွေရောလေ။ သူတို့ လာနိုင်တဲ့လူ ရှိတယ်ဆိုလို့ရှိရင်လည်း ကျနော်တို့ကတော့ ဖိတ်မှာပေါ့။ အဓိကတော့ တိုင်းရင်းသားအင်အားစုမှာ အစုအဖွဲ့တွေ ရှိနေတာတွေ ရှိတယ်။ ENC ရယ် ULD-LA ရယ်၊ နောက် ကျနော်တို့ CEFU ရယ် နောက်တော့ NDF ရယ် လေးဖွဲ့ပေါင်းပြီးတော့ ခုနပြောတဲ့ညီလာခံတခုဖြစ်ပေါ်နိုင်ဖို့အတွက် ကော်မတီတရပ်ကို ဖွဲ့မယ်။ ပြီးတော့မှဒီကော်မတီရဲ့အစီအစဉ်နဲ့ အမြန်ဆုံး ညီလာခံတခုကို တိုင်းရင်းသားအင်အားစုတွေကို တတ်နိုင်သမျှ ပါဝင်နိုင်အောင် ဖိတ်ကြားမယ်ပေါ့လေ။"

ဒီလိုတိုင်းရင်းသားလူမျိုးစုတွေကို ကိုယ်စားပြုတဲ့ ညီလာခံတရပ်အမြန်ဆုံးခေါ်ယူကျင်းပဖို့ဆုံးဖြတ်ခဲ့ကြတာဟာလည်းစစ်အစိုးရကနေ ရေးဆွဲခဲ့ပြီး ပြီးခဲ့တဲ့နှစ် မေလက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲဟာ တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ ဖယ်ဒရယ်ပြည်တောင်စုတည်ဆောက်ရေးမပေါ် ပေါက်လာနိုင်တာကြောင့်ဖြစ်တယ်။ ဒါကြောင့် ဖွဲ့စည်းပုံပြင် ဆင်ရေးအတွက် အဖွဲ့တွေစုစည်းပြီး တောင်းဆိုမယ်ဆိုလို့ရှိရင်ပိုပြီး ထိရောက်နိုင်တယ်ဆိုတဲ့အခြေခံအချက်ပေါ် မူတည်ပြီး အခုလိုညီလာခံခေါ်ဖို့ဆုံးဖြတ်တာဖြစ်တယ်လို့ ပြောပါတယ်။

ဒါအပြင် သူတို့ အင်အားစုတွေကို စစ်အစိုးရဖက်က ထိုးစစ်ဆင်တိုက်ခိုက်လာမယ်ဆိုရင်လည်း ဘယ်လိုစုပေါင်းပြီး ခုခံကာကွယ်မလဲ ဆိုတာတွေကို ဆွေးနွေးခဲ့ကြကြောင်း ဦးရွှေမျိုးသန့်ကပြောပါတယ်။

ဒီအစည်းအဝေးမှာ KNPP အဖွဲ့က အထွေထွေ အတွင်းရေးမှူး ခူးဦးရယ်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး။ KNU အဖွဲ့က ဒုဥက္ကဋ္ဌစောဒေးဗစ်တာကပေါ၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ NMSP အဖွဲ့က ဥက္ကဋ္ဌ နိုင်ထေးမွန်၊ နိုင်ငံခြားရေးရာ တာဝန်ခံ နိုင်ဟံသာပွန်ခမ်နဲ့ ရှမ်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (SSDP) အဖွဲ့က ဒုဗိုလ်မှူးကြီး ဦးပန်ဖအပါအဝင်စစ်ဦးစီးအရာရှိတွေနဲ့အဖွဲ့အသီးသီးကခေါင်းဆောင် ၃၀ နီးပါး တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်


**AIR MAIL**

**PRINTED MATTER**